ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၈ ရက်၊ ဗုဒ္ဓဟူးနေ့၊ (5-4-2006) (၄၉၂၁)

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဝမ်းစာဖူလုံရေး အထူးဝါယမစိုက်ကြိုးပမ်း စပါးစိုက်ကေလေးသိန်း ပြည့်မီအောင် ဝိုင်းဝန်းဆောင်ရွက်ကြရန်လို ဒေသဖွံ့ဖြိုးရေးအတွက် ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ ဝိုင်းဝန်းဆောင်ရွက်

နေပြည်တော်မြို့တော် ဧပြီ ၄

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရန်အတွက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများ လိုက်ပါ၍ ဧပြီ ၃ရက် နံနက် ၈နာရီ မိနစ် ၅၀ တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံလေဆိပ်သို့ ရောက်ရှိရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ▲

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း နွေစပါး စိုက်ခင်းများအတွင်း ဘိုင်အိုကွမ်ပို့စ်ဇာ မြေဩဇာများ ကြဲပက်နေမှုကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

ဆီးနှင်းခဲသဖွယ် နူးညံ့အိစက်သည့်သွင်ပြင်ရှိ ကဏန်းတစ်မျိုးကို ပစိဖိတ်တောင်ပိုင်း၌တွေ့

အင်တာနက် သတင်း

ဆန်တီယေဂို ဧပြီ ၄

ဟိမဝန္တာတွင် ကျရောက်သည့် ဆီးနှင်းခဲသဖွယ် နူးညံ့အိစက်သည့် အသွင်အပြင်ရှိသော ကဏန်းအမျိုးအစားသစ်တစ်မျိုးကို ပစိဖိတ် သမုဒ္ဒရာတောင်ပိုင်းရှိ မှောင်မိုက်နေသော ရေနက်ပိုင်းဒေသတွင် မကြာသေးမီက ရှာဖွေတွေ့ရှိရကြောင်း ဧပြီ ၄ ရက် အင်တာနက် သတင်းတစ်ရပ်၌ ဖော်ပြထားသည်။

ပြင်သစ်ပင်လယ်သမုဒ္ဒရာလေ့လာရေး သုတေသနသိပ္ပံမှ သုတေသီ မိုက်ကယ်ဆီဂွန်ဇက်သည် အခွံမာရေသတ္တဝါမျိုးနွယ်ဝင် ကဏန်းမျိုးစိတ်သစ်ကို ချီလီနိုင်ငံ ကမ်းရိုးတန်း ကမ်းလွန်အီစတာကျွန်း၏ တောင်ဘက် မိုင် ၉၀၀ ခန့်အကွာ ပင်လယ်တွင် အဏ္ဏဝါဇီဝဗေဒစူးစမ်းလေ့လာမှုများ ပြုလုပ်စဉ်အတွင်း ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

ဆီဂွန်ဇက်ဦးဆောင်သည့် သုတေသီများအဖွဲ့သည် ပင်လယ်ရေအောက်သို့ ငုပ်လျှိုးသွားလာနိုင်သော ရေယာဉ်ဖြင့် စူးစမ်းမှုများ ပြုလုပ်နေစဉ် ရေမျက်နှာပြင်အောက် တစ်မိုင်ခွဲခန့်အကွာ ရေနက်ပိုင်းတစ်နေရာ၌ ပိုးသားကဲ့သို့ ဖြူလွလွကဏန်းမျိုးစိတ်သစ်ကို ရှာဖွေတွေ့ရှိခဲ့သည်။

ဆီဂွန်ဇက်နှင့်အဖွဲ့က အဆိုပါကဏန်းကို "ယေတီကဏန်း" (Yeti Crab) ဟူ၍ အမည်ပေးထားသည်။

သမားရိုးကျမဟုတ်သော ယင်းကဏန်းကို သိပ္ပံပညာရှင်များက စုပေါင်း၍ တစ်နှစ်ကြာမျှ စူးစမ်းလေ့လာကြသည့်တိုင်အောင် ယင်းကဏန်း၏ ပဟေဠိဆန်ပုံမှာ လေ့လာ၍ ကုန်နိုင်ဖွယ် မရှိနိုင်ကြောင်း သိပ္ပံပညာရှင် ဆီဂွန်ဇက်က ပြောကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❍



နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပင်လယ်ရေအောက်တွင် ငုပ်လျှိုးသွားလာနိုင်သော ရေယာဉ်တစ်စင်းဖြင့် ပစိဖိတ်သမုဒ္ဒရာတောင်ပိုင်း၌ စူးစမ်းလေ့လာရန် ပြင်ဆင်လျက်ရှိသော သိပ္ပံပညာရှင်များကို ဧပြီ ၃ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

၅-၄-၂၀၀၆
(ဗုဒ္ဓဟူးနေ့)

နိုင်ငံ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းတည်ဆောက် ကုန်သွယ်ရေကြောင်း မျိုးဆက်သစ်များ ဆက်လက်မွေးထုတ်

ယနေ့ကာလတွင် နိုင်ငံတော်က မြန်မာနိုင်ငံကို နိုင်ငံတကာနှင့် ရင်ပေါင်တန်း ခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရန် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်းတည်ဆောက်လျက်ရှိပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။

တစ်ချိန်တည်းတွင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကမောင်းနှင်အားတစ်ရပ်ဖြစ်သည့် အမျိုးသားပညာရည်မြင့်မားစေရေးအတွက် အစီအမံများချမှတ်ပြီး မျိုးဆက်သစ်လူငယ်များအား လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိသည်။

နိုင်ငံအတွက် အရည်အချင်းမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များနှင့် ဒေသအလိုက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ဘက်စုံကဏ္ဍစုံမှ လေ့ကျင့်မွေးထုတ်ပေးလျက်ရှိရာတွင် ရေကြောင်းပို့ဆောင်ရေးကဏ္ဍသည်လည်း အပါအဝင်ဖြစ်သည်။

နိုင်ငံတကာ စီးပွားရေးတိုးတက်ဖြစ်ထွန်းမှုများကို လေ့လာကြည့်လျှင် နိုင်ငံတိုင်း၌ စီးပွားရေးတိုးတက်မှုသည် အဆိုပါနိုင်ငံ၏ သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေး အခန်းကဏ္ဍများအပေါ်တွင် များစွာတည်မှီလျက်ရှိကြောင်း တွေ့ရသည်။ ကုန်းလမ်း၊ ရေလမ်းနှင့် လေကြောင်းလမ်းစသည့် ပို့ဆောင်ရေးလမ်းကြောင်းများရှိသည့်အနက် ရေကြောင်းသယ်ယူပို့ဆောင်ရေးသည် ပြည်တွင်း၊ ပြည်ပ၌ ပိုမိုအရေးပါလျက်ရှိသည်။

ထို့ကြောင့် နိုင်ငံတော်က ရေကြောင်းပို့ဆောင်ရေးကဏ္ဍတွင် ကုန်သွယ်ရေကြောင်းပညာရပ်ဆိုင်ရာ တိုးတက်မှု အရှိန်အဟုန်ကို ထိန်းသိမ်းမြှင့်တင်ရင်း ကုန်သွယ်ရေကြောင်း ပညာရှင်များကို စဉ်ဆက်မပြတ် မွေးထုတ်ပေးလျက်ရှိသည်။

ပို့ဆောင်ရေးဝန်ကြီးဌာန ရေကြောင်းပညာသိပ္ပံ၏ ကုန်သွယ်ရေကြောင်းအရာရှိလောင်း သင်တန်းအပတ်စဉ် စီဒီ(၃၃) ဆင်းပွဲနှင့် အပတ်စဉ် စီဒီ(၃၄) ဖွင့်ပွဲအခမ်းအနားများကို ဧပြီလ ၃ ရက်နေ့က အဆိုပါရေကြောင်း သိပ္ပံစစ်ရေးပြကွင်း၌ ကျင်းပခဲ့သည်။

အဆိုပါ ကုန်သွယ်ရေကြောင်းသင်တန်းဆင်းပွဲနှင့် ဖွင့်ပွဲအခမ်းအနားတွင် သင်တန်းအပတ်စဉ် စီဒီ(၃၃) မှ ကုန်သွယ်ရေကြောင်းအရာရှိလောင်းနှင့် ကုန်သွယ်ရေကြောင်း အင်ဂျင်နီယာအရာရှိလောင်း ၂၉၈ ဦးတို့ သင်တန်းဆင်းကြပြီး သင်တန်းအပတ်စဉ် စီဒီ(၃၄)သို့ ကုန်သွယ်ရေကြောင်း အရာရှိလောင်းနှင့် ကုန်သွယ် ရေကြောင်း အင်ဂျင်နီယာ ၃၀၁ ဦးတို့ ဆက်လက်တက်ရောက် ကြမည်ဖြစ်သည်။

ရေကြောင်းပညာသိပ္ပံမှ ယခုကဲ့သို့ ကုန်သွယ်ရေကြောင်းဆိုင်ရာ အရာရှိနှင့် အင်ဂျင်နီယာများကို လေ့ကျင့်သင်ကြား မွေးထုတ်ပေးလိုက်ခြင်းသည် ပြည်တွင်းရှိရေယာဉ်များ၌ ရေကြောင်းအတတ်ပညာရှင်များ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရုံမျှမက မြန်မာနိုင်ငံ၌ မှတ်ပုံတင်ထားကြသည့် ပြည်ပသင်္ဘောကုမ္ပဏီများအတွက် သင်္ဘောဝန်ထမ်းလိုအပ်ချက်ကိုလည်း အထောက်အကူပြု သွားနိုင်မည်ဖြစ်သည်။

ရေကြောင်းပညာသိပ္ပံအနေဖြင့် ပြည်တွင်း၊ ပြည်ပ သင်္ဘောကုမ္ပဏီများအပါအဝင် ကုန်သွယ်ရေကြောင်းဆိုင်ရာ တက္ကသိုလ်များ၊ သိပ္ပံများနှင့် ဆက်သွယ်၍ ရေကြောင်းပညာရပ်များကို လေ့ကျင့်သင်ကြားပေးလျက်ရှိရာ ၂၀၀၆ ခုနှစ် ပညာသင်နှစ်အထိ နိုင်ငံတကာအဆင့်မီ ကုန်သွယ်ရေကြောင်းအရာရှိလောင်း ၂၉၅၈ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်စုံကဏ္ဍစုံမှ ကြိုးပမ်းအကောင်အထည်ဖော် တည်ဆောက်လျက်ရှိချိန်တွင် သင်တန်းဆင်း ကုန်သွယ်ရေကြောင်း မျိုးဆက်သစ်များအနေဖြင့် ခွဲ၊ လုံ့လ၊ ဝီရိယအပြည့်အဝထားရှိရန် နိုင်ငံနှင့်လူမျိုး အမျိုးသားရေးဂုဏ်သိက္ခာကို ထိန်းသိမ်းမြှင့်တင် စွမ်းဆောင်သွားနိုင်ကြမည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အာဟာရပြည့်ဝသည့် အစားအစာချက်ပြုတ်ပြိုင်ပွဲနှင့် ဘိုးဘွားများအား ထောက်ပံ့ခြင်း အခမ်းအနားကျင်းပ

ရန်ကုန် ဧပြီ ၄

ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် ဂျုံဖြင့် ပြုလုပ်သော အာဟာရပြည့်ဝသည့် အစားအစာချက်ပြုတ်ပြိုင်ပွဲနှင့် သက်ကြီးဘိုးဘွားများအား ထောက်ပံ့ခြင်းအခမ်းအနားကို မတ် ၃၁ရက် နံနက် ၉နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် မြို့နယ်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)မှ ထောက်ပံ့သော ဂျုံနှင့် စာရွက်စာတမ်းများကို ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းရွှေယဉ်ထံ ပေးအပ်သည်။

ပေးအပ်

ထို့နောက် ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့သို့ ဦးအောင်ကျော်လွင်နှင့် ဦးရှောက်စန်း (Yangon Crown Wire & Cable Co; Ltd) တို့က အလှူငွေကျပ် သုံးသိန်းစီကို ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေထံ ပေးအပ်ကြသည်။

ယင်းနောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ရန်ကုန်အရှေ့ပိုင်းခရိုင် အတွင်းရှိ မြို့နယ် ၁၄မြို့နယ်မှ အဘိုး၊ အဘွား ၂၈ဦးအား တစ်ဦးလျှင် ငွေကျပ် ၂၀၀၀ စီနှင့် ငွေကျပ် ၃၀၀၀တန်ဖိုးရှိ ယောဂီဝတ်စုံ တစ်စုံစီဖြင့် စုစုပေါင်းငွေကျပ် ၁၄၀၀၀၀ တန်ဖိုးရှိ ငွေသားနှင့် ပစ္စည်းများကို ထောက်ပံ့ပေးအပ်ကြသည်။

ချက်ပြုတ်ယှဉ်ပြိုင်

ယင်းနောက် သက်ကြီးအဘိုး၊ အဘွားများနှင့် ကလေးငယ်များအတွက် အာဟာရပြည့်ဝသော အစားအစာများချက်ပြုတ်ပြိုင်ပွဲကို ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် ဧည့်သည်များက ခရိုင်အတွင်းရှိ မြို့နယ် ၁၄မြို့နယ်မှ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းများ၏ ချက်ပြုတ် ယှဉ်ပြိုင်နေမှုများကို လိုက်လံကြည့်ရှု အားပေးကြသည်။

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ခရိုင်အတွင်းရှိ မြို့နယ် ၁၄ မြို့နယ်မှ ကလေးငယ် ၂၈ဦးအား တစ်ဦးလျှင် ငွေကျပ် ၁၀၀၀နှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၂၈၀၀၀ကို ထောက်ပံ့ပေးအပ်ကြသည်။ (သတင်းစဉ်)

မိုးကုတ်ဝိပဿနာ တရားစခန်းပွဲ

ရန်ကုန် ဧပြီ ၄

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် (၅) ရပ်ကွက် မနောသုခကျောင်းတိုက်၊ မိုးကုတ်အဖွဲ့ခွဲ-၁၂၅ တွင် (၅၆)ကြိမ်မြောက် သင်္ကြန် ခုနစ်ရက် တရားစခန်းကို ပဓာနနာယက အဖွဲ့ချုပ် ဓမ္မကထိက ဆရာတော် ဘဒ္ဒန္တပရမ ကြီးမှူး၍ ပဋ္ဌိစ္စသမုပ္ပါဒ် သင်တန်းပြဆရာကြီး ဦးကျော်မင်း၊ ဆရာမကြီး ဒေါ်ဝိဇ္ဇာသီဂီနှင့် ကထိက သစ္စာရဲမင်း(ဘီအက်စီ)တို့က ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သစ္စာလေးပါးတရားကို ဧပြီ ၁၁ရက်မှ ၁၇ရက်အထိ ပြသမည်ဖြစ်ရာ တရားစခန်း ဝင်ရောက်အားထုတ်လိုပါက ဖုန်း-၀၉၅၁၀၅၅၈ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေ ရန်ကုန်အရှေ့ပိုင်းခရိုင်မှ သက်ကြီးအဘိုးအဘွားများအား ငွေသားနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

ရန်ကုန်မြောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှု အဖွဲ့ဥက္ကဋ္ဌ ဒေါ်စောရွှေနှင့် အဖွဲ့ဝင်များ ဧပြီ ၂ရက်က တိုက်ကြီးမြို့နယ် ဥက္ကံမြို့ ဘိုးဘွားရိပ်သာရှိ အဘိုးအဘွားများအား တစ်နေ့တာကျွေးမွေး စရိတ် လှူဒါန်းစဉ်။ (၅၂၆)

ကုန်းဇောင်းအထက အာစရိယပူဇော်ပွဲ

ရန်ကုန် ဧပြီ ၄

မကွေးတိုင်း ပွင့်ဖြူမြို့နယ် ကုန်းဇောင်းအထက၏ စာသင်နှစ်အလိုက် ပထမအကြိမ် အာစရိယပူဇော်ပွဲကို ဧပြီ ၂၆ရက်(ဗုဒ္ဓဟူးနေ့)တွင် ကုန်းဇောင်းအထက ပတ္တမြားသီရိဆောင်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အလှူငွေများ လှူဒါန်းလိုပါက မတျာ(ခ)မွန်မွန် ဖုန်း-၀၉၅-၁၀၈၀၆၅ နှင့် ၀၉၅-၀၁၅၀၂၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

စက်သုံးဆီနှင့် သဘာဝဓာတ်ငွေ့ အရောင်းဆိုင်များ မဟာသင်္ကြန်ရက်များတွင် ပုံမှန်ဖွင့်လှစ်မည်

ရန်ကုန် ဧပြီ ၄

စွမ်းအင်ဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ ရန်ကုန်တိုင်းအတွင်း ဖွင့်လှစ်ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်များ၊ သဘာဝဓာတ်ငွေ့ (CNG) အရောင်းဆိုင်များကို မဟာသင်္ကြန် ရုံးပိတ်ရက်များတွင် ပုံမှန်ဖွင့်လှစ်ရောင်းချမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

မင်္ဂလာတောင်ညွန့်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ မြို့နယ်အတွင်းရပ်ကွက် ၂၀ မှ အဘိုးအဘွား ၄၀ တို့အား သက်ကြီးပူဇော်ကန်တော့ပွဲကို ဧပြီ ၄ရက်က ရေတွင်းကုန်းရပ်ကွက် ဓမ္မာရုံတွင် ပြုလုပ်ရာ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နန်းထွေးခိုင်နှင့် အမှုဆောင်များက အဘိုးအဘွားများအား လှူဖွယ်ပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။ (၃၂)

မြစ်တွေ့လျှင် တံတားဆောက် တောင်တွေ့လျှင် ဥမင်ဖောက်

ဒေါက်တာသက်လွင်

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် အောင်မင်းနှင့် ဒုတိယဝန်ကြီး ဦးဖေသန်း တို့ မကြာမီပြီးစီးတော့မည့် ချိန်းအမှတ် ၆၄၆၀ ကျောချောင်းဖြတ်ကူး ရထားတံတား တည်ဆောက်နေမှုကို ဤသို့ ကြည့်ရှုစစ်ဆေးခဲ့သည်။

"ပခုက္ကူသည် မီးရထားလမ်းတည်ရှိသော မြင်းခြံမြို့နှင့် ဧရာဝတီမြစ်ကြီးခြားနေပြီး မုံရွာမြို့နှင့် ချင်းတွင်းမြစ်ကြီး ခြားနေသည်။ မီးရထားလမ်း ဖောက်လုပ်ရေးအတွက် မသင့်တော်သောအခြားအကြောင်းမှာ စီးပွားရေး ကူးသန်းရောင်းဝယ်ရေးအချက်အချာမကျခြင်း၊ အုပ်ချုပ်ရေးအတွက် အရေးမပါခြင်းတို့ဖြစ်သည်"

ဤမှတ်ချက်သည် ၁၉၁၃ ခုနှစ်တွင် မကွေးတိုင်း ဒုတိယတိုင်းမင်းကြီး ဗိုလ်မှူး F.Owens ရေးသားတင်ပြသော ပခုက္ကူခရိုင် ဂေဇက်တီးယားစာအုပ်မှ စာသားဖြစ်ပါသည်။ အင်္ဂလိပ်တို့သည် ၁၉၀၀ ပြည့်လွန်နှစ်များက ထိုသို့ ထင်မြင်ယူဆခဲ့ကြသော်လည်း ၁၉၄၂ ခုနှစ်တွင် ယောဒေသကိုဖြတ်သန်း၍ အိန္ဒိယပြည်တွင်းသို့ ဆုတ်ခွာခဲ့ရသည်။ ဂျပန်တပ်များသည် ပုံတောင်၊ ပုံညာတောင်တန်းကြီးများကို ကျော်ဖြတ်ပြီး အင်္ဂလိပ်တပ်၏နောက်သို့ လိုက်၍ တိုက်ခိုက်သည်။ အာသံပြည်နယ်အထိရောက်သည်။ နာမည်ကျော် အင်ဖာတိုက်ပွဲတွင် ဂျပန်အမှတ်(၁၅) တပ်မတော်မှ စစ်သည်တော် ငါးသောင်းကျော် ကျဆုံးခဲ့သည်။ မဟာမိတ်တပ်သားလည်း သုံးသောင်းနီးပါး အသက်ဆုံးရှုံးခဲ့ရသည်။ အင်္ဂလိပ်တို့သည် ပုံတောင်၊ ပုံညာတောင်တန်းကြီး၏ မဟာဗျူဟာအရ အရေးပါမှုကို သိလိုက်ကြရသည်။ စီးပွားရေးမှာလည်း အင်္ဂလိပ်တို့သည် နှစ်စဉ် ကျွန်းသစ်တန် လေးသောင်းကျော်ကို ပုံတောင်၊



ပုံညာတောင်တန်းများမှ ထုတ်ယူခဲ့သည်။ အုပ်ချုပ်ရေးပိုင်းတွင်လည်း ယောဒေသသည် ချင်းပြည်နယ်၏ တံခါးဝဖြစ်သည်။ ဂန့်ဂေါမြို့မှ ဟားခါးမြို့၊ ကလေးမြို့မှ ဖလမ်းမြို့၊ ကျောက်ထုမြို့မှ မင်းတပ်မြို့၊ ဆောမြို့မှ ကန်ပက်လက်မြို့များသို့ တက်ကြရသည်။

အင်္ဂလိပ်တို့သည် မီးရထားလမ်း ဖောက်လုပ်ရန်မဖြစ်ဟု မှတ်ချက်ချခဲ့သည်မှာလည်း ပုံတောင် တောင်ကြီးသည် ပျမ်းမျှအမြင့်ပေ ၃၅၀၀ရှိပြီး အမြင့်ဆုံးအပိုင်းတွင် ၄၃၆၄ ပေမြင့်သည်။ ပုံညာ တောင်တန်းကြီးသည် ပျမ်းမျှအမြင့်ပေ ၃၀၀၀ ရှိပြီး မြောက်ပိုင်းမှ ကျိုင်းတောင်ထိပ်သည် ၄၄၅၁ ပေ မြင့်သည်။ ထိုတောင်ကြီးနှစ်တောင်ကို ဖြတ်သန်းပြီး မီးရထားလမ်း ဖောက်ရန်ကိစ္စသည် လွယ်ကူသောကိစ္စမဟုတ်ပါ။ စာရေးသူကိုယ်တိုင်ပင်လျှင် ပုံတောင် ပုံညာကို ဖြတ်ပြီး မီးရထားလမ်းဖောက်ဖို့ကတော့ မဖြစ်နိုင်ပါဘူးကွာဟု ထင်မြင်ခဲ့ဖူးပါသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ၁၉၉၂ ခုနှစ်နောက်ပိုင်းတွင် ပခုက္ကူ–ဂန့်ဂေါ–ကလေး မီးရထားလမ်းတည်ဆောက်ရေးစီမံချက်ကို ရေးဆွဲအကောင်အထည်ဖော်ခဲ့သည်။ ရေစကြိုမြို့နယ် မအူကျေးရွာမှ ပခုက္ကူ၊ ထိုမှ မြိုင်မြို့နယ် မြို့ဆိုးရွာ၊ ထိုမှ ပေါက်မြို့နယ် ဇီးပြားရွာ၊ ထိုမှ ပေါက်မြို့နယ် ခေါင်းပေါင်းရွာ စသည်ဖြင့် မီးရထားလမ်းကို အောင်မြင်စွာ ဖောက်လုပ်ပေးနိုင်ခဲ့သည်။

ခေါင်းပေါင်းရွာ၊ ထန်းတောရွာ၊ ကျောသာရွာတို့သည် ပုံတောင် တောင်၏ အခြေတွင်ရှိသည်။ ပုံတောင်တောင်ကြီးကို ဖြတ်သန်းရပေတော့မည်။ သို့သော် အားသာသော သဘာဝတရားတစ်ခုကို လူတို့သိရှိထားသည်။ ကျောချောင်းသည် ပုံတောင်နှင့် ပုံညာအကြားမှ စီးဆင်းလာပြီး ပေ ၃၅၀၀ ကျော်မြင့်သော တောင်ကြီးကို ရေလမ်းရှာပြီး ဖြတ်သန်းစီးဆင်းနေသည်။ ထိုရေလမ်း ကြောင်းကို အခြေခံပြီး မီးရထားလမ်းကို ဖောက်လုပ်သည်။ ပုံတောင် တောင်ကြီးကို ကန့်လန့်ဖြတ်ပြီး ဖောက်လုပ်နိုင်သည်။ ဇီးပြားရွာမှ ကျောရွာအထိ မီးရထားလမ်းကို ၉–၄–၁၉၉၇ ရက်တွင် ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

ကျောရွာမှ ဂန့်ဂေါမြို့သို့ ဆက်လက်ဖောက်လုပ်ရန်မှာ အခက်အခဲကြီး တစ်ခုကို ထပ်မံတွေ့ကြရပြန်သည်။ အမြင့်ပေ ၃၀၀၀ ကျော်ရှိသော ပုံညာ တောင်တန်းကြီးက ကြားကကန့်လန့်ခံနေပြန်သည်။ တာဝန်ရှိပုဂ္ဂိုလ်များ သည် ပုံညာတောင်တန်းကြီးကို ကျော်ဖြတ်ပြီး မီးရထားလမ်းဖောက်ရေး ကိစ္စကို အမျိုးမျိုးကွင်းဆင်းလေ့လာ တိုင်းထွာကြရပြန်သည်။ မဖြစ်နိုင်သေး တာကို ဘေးဖယ်ထားပြီး ဂန့်ဂေါမြို့မှ ကလေးမြို့အပိုင်းကို ဆက်လက်ဖောက်လုပ်ခဲ့သည်။ အောင်မြင်သည်။ ကလေးမြို့မှ ဂန့်ဂေါမြို့အထိသာမက ထီးလင်းမြို့နယ် ရေမျက်နီရွာအထိ မီးရထားလမ်းအပိုင်းကို အောင်မြင်စွာ ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး မီးရထားပုံမှန်ပြေးဆွဲပေးနိုင်ခဲ့သည်။ ပခုက္ကူမှ ကျောရွာ၊ ကလေးမြို့မှ ရေမျက်နီရွာအထိ မီးရထားပုံမှန်ပြေးဆွဲခြင်း ပြုလုပ်ပေးနိုင်လေပြီ။

ကျောရွာနှင့် ရေမျက်နီအကြား ၁၃ မိုင်ခရီးသာ လိုအပ်နေသည်။ ထိုခရီး ၁၃ မိုင်သည် အခက်အခဲဆုံးအပိုင်းဖြစ်သည်။ **မြန်မာအင်ဂျင်နီယာ များသည် မိမိတို့အတတ်ပညာဖြင့် တိုင်းပြည်အတွက် အလုပ်အကျွေးပြု မည်ဟု ဆုံးဖြတ်ကြသည်။ ပုံညာတောင်ကြီးကို ဥမင်လိုဏ်ခေါင်းဖောက်ရန် နိုင်ငံအကြီးအကဲများက ညွှန်ကြားသည့်အတိုင်း အားကြိုးမာန်တက် ဆက်လက်လုပ်ဆောင်ကြသည်။ ပုံညာတောင်ကြီးသည် အမြင့်ပေ ၃၂၅၀ မြင့်သည်။** အမြင့် ၂၁၁၉ ပေအထိကို ကျောရွာဘက်မှ ပတ်လမ်းဖောက်လုပ်နိုင်သည်။ အမြင့် ၂၁၁၉ ပေတွင် ဥမင်ကြီးကို ဖောက်လုပ်သည်။ ဥမင်လိုဏ်ခေါင်းအပေါ်တွင် ပေတစ်ထောင်ကျော် တောင်တန်းအမြင့်ရှိသည်။ ဥမင်ဖောက်လုပ်ရာတွင်လည်း မြန်မြန်ပြီးစီးအောင် အရှေ့ဘက်နှင့် အနောက်ဘက်အပိုင်းတို့ကို တစ်ပြိုင်တည်းဖောက်လုပ်ကြသည်။

"ဟိုဘက်နဲ့သည်ဘက် အလယ်မှာ ထိပ်တိုက်မဆုံကြရင်တော့ကွာ အခက်ပဲ" ဟု စိုးရိမ်မိခဲ့ကြသည်။

"ဟိုဘက်မှ ဖောက်လာတဲ့ဥမင်နဲ့မဆုံရင်လဲကွာ အသွားတစ်လမ်း အပြန်တစ်လမ်းဖြစ်တာပေါ့ မစိုးရိမ်ကြပါနဲ့"ဟု အားပေးခဲ့ကြသည်။

သို့သော် မြန်မာအင်ဂျင်နီယာပညာရှင်များ မည့်ကြပါ။ ဥမင်ကို ဟိုဘက်သည်ဘက် ပြိုင်တူဖောက်ခဲ့ကြပြီး ထိပ်ချင်းထိ ကွက်တိဆုံခဲ့ကြ သည်။ ဥမင်အရှည်ပေ ၅၆၁၀ ရှည်သည်။ မကြာမီ ပြီးစီးတော့မည်ဖြစ်သည်။ မြန်မာပြည်တွင် အရှည်လျားဆုံးဥမင်ကြီးဖြစ်သည်။ ပုံညာဥမင် အနောက်ဘက်ခြမ်းတွင် ပုံညာတောင်ကြီးပေါ်မှ စီးဆင်းလာသော ချောင်းကြီးမြောင်းကြီးများကလည်း ပေါများလှပါ၏။ တံတားအစင်းပေါင်း ၄၀ကျော် တည်ဆောက်ကြရသည်။ မြင်းခွာပုံနှစ်ပေါက်တွဲ၊ သုံးပေါက်တွဲ ချောင်းကူး တံတားကြီးများအဖြစ် မုံတိုင်၊ ကမ်းယိုင်၊ ထူးပေါက်၊ ကျောက်မြောင်းကြီး၊ ဝန်ခေါင်း၊ ဆပ်ပုတ်၊ ကျောချောင်း ဟူသည့် တံတားကြီးခုနစ်စင်းကိုလည်း တည်ဆောက်ကြရသည်။ မကြာမီ ပြီးစီးတော့မည်ဖြစ်ပါသည်။

ထိုတံတားကြီးများပြီးသွားလျှင် မန္တလေးမှ ပခုက္ကူ၊ ထိုမှ ဂန့်ဂေါ၊ ထိုမှ ကလေးမြို့အထိ တိုက်ရိုက်မီးရထားဖြင့် သွားလာနိုင်ကြတော့မည် ဖြစ်ပါသည်။ ကလေးမြို့သို့ရောက်လျှင် အိန္ဒိယနိုင်ငံအထိ ဆက်လက်ပြီး မီးရထားလမ်း ဖောက်လုပ်ကြဦးမည်ဟု သိရသည်။ ပုံညာဥမင်မီးရထားလမ်း ပိုင်းသည် အာဆီယံမီးရထားလမ်း စံနှုန်းအတိုင်း ပေ ၈၀ သွားပြီးတိုင်း အမြင့်တစ်ပေနှုန်း စံချိန်ကိုယူပြီး ဖောက်လုပ်ခဲ့သည်ဟုလည်း သိရသည်။ ပေ ၃၀၀၀ ကျော်မြင့်သော ပုံညာတောင်တန်းကြီးကို ကျော်ဖြတ်ပြီး ၁း၈၀ နှုန်း (ပေ ၈၀ သွားပြီးတိုင်း အမြင့်တစ်ပေ)ဖြစ်အောင် ဖောက်လုပ်နိုင်သော မြန်မာ အင်ဂျင်နီယာများ၏ ပုံစံထုတ်စွမ်းရည်မှာ သမိုင်းတွင်ရစ်မှာ ဧကန်ဖြစ်ပါသည်။

ဤရထားလမ်းကြီး ပြီးစီးသွားလျှင် ပခုက္ကူမှ ကွမ်းရွက်များသည် အိန္ဒိယနိုင်ငံသို့ လတ်လတ်ဆတ်ဆတ်ရောက်သွားမည်ဖြစ်သည်။ နယ်စပ်ကုန်သွယ်ရေးကို ပုံမှန်ကုန်သွယ်ရေးဖြစ်အောင် ဈေးရောင်းဈေးဝယ် ပြုနိုင်ကြပေတော့မည်။ ယနေ့ခေတ်လူငယ်များသည် မီးရထားစီးပြီး နယ်စပ်ကုန်သွယ်ရေး လုပ်နိုင်ကြပေတော့မည်။ ပခုက္ကူမှ အိန္ဒိယနိုင်ငံနယ်စပ်အထိ ခရီးမှာ မိုင် ၃၀၀ ပင် မပြည့်သဖြင့် ရန်ကုန်မှမကွေး သို့မဟုတ် မိတ္ထီလာခရီးမျှပင် မဝေးကွာပါ။ မီးရထားခမှာလည်း ပခုက္ကူမှ ကလေးမြို့အထိ ကျပ်တစ်ထောင်မျှသာ ဖြစ်ပါသည်။

"မြစ်တွေ့လျှင် တံတားဆောက်၊ တောင်တွေ့လျှင် ဥမင်ဖောက်" ဟူသောဆောင်ပုဒ်မှာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားဆေးတစ်ခွက်ဖြစ်ပါတော့သည်။ ။

မြန်မာအင်ဂျင်နီယာပညာရှင်များ မည့်ကြပါ။ ဥမင်ကို ဟိုဘက်သည်ဘက် ပြိုင်တူဖောက်ခဲ့ကြပြီး ထိပ်ချင်းထိ ကွက်တိဆုံခဲ့ကြ သည်။ ဥမင်အရှည်ပေ ၅၆၁၀ ရှည်သည်။ မကြာမီ ပြီးစီးတော့မည်ဖြစ်သည်။ မြန်မာပြည်တွင် အရှည်လျားဆုံးဥမင်ကြီးဖြစ်သည်။ ပုံညာဥမင် အနောက်ဘက်ခြမ်းတွင် ပုံညာတောင်ကြီးပေါ်မှ စီးဆင်းလာသော ချောင်းကြီး မြောင်းကြီးများကလည်း ပေါများလှပါ၏။ တံတားအစင်းပေါင်း ၄၀ကျော် တည်ဆောက်ကြရသည်။ မြင်းခွာပုံနှစ်ပေါက်တွဲ၊ သုံးပေါက်တွဲ ချောင်းကူး တံတားကြီးများအဖြစ် မုံတိုင်၊ ကမ်းယိုင်၊ ထူးပေါက်၊ ကျောက်မြောင်းကြီး၊ ဝန်ခေါင်း၊ ဆပ်ပုတ်၊ ကျောချောင်း ဟူသည့် တံတားကြီးခုနစ်စင်းကိုလည်း တည်ဆောက်ကြရသည်။ မကြာမီ ပြီးစီးတော့ မည်ဖြစ်ပါသည်။

နီပေါ၌ သိပ္ပံနှင့်နည်းပညာကျောင်းဆင်း ၂၈၀၀၀ ရှိ

ခတ္တမန္ဒူ ဧပြီ ၃

နီပေါနိုင်ငံ၌ သိပ္ပံနှင့်နည်းပညာကဏ္ဍနှင့်ဆက်နွယ်သောလူသားအရင်းအမြစ်ကျောင်းဆင်း ၂၈၀၀၀ ခန့်ရှိသည်ဟု ရိုင်ရယ်လ်နီပေါအကယ်ဒမီ သိပ္ပံနှင့်နည်းပညာဌာန(ရိုနက်စ်)၏ ပြောကြားချက်ကို ကိုးကား၍ နီပေါရေဒီယိုဌာနက ဧပြီ၂ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

သိပ္ပံကောလိပ်

၁၉၉၀ ပြည့်နှစ်နောက်ပိုင်း ၁၉၉၆ ခုနှစ်မှစတင်၍ သိပ္ပံနှင့် နည်းပညာကောလိပ်ကျောင်းများကို တိုးချဲ့ဖွင့်လှစ်ခဲ့ရာ ၉၄၀၀ ကျောင်းရှိပြီး ယခင်ကထက် ၃၀၀ ရာခိုင်နှုန်း များပြားလာခဲ့သည်ဟု ရိုနက်စ်သိပ္ပံ တက္ကသိုလ်ဒုတိယအုပ်ချုပ်ရေးမှူး ဒါရာနန်နာဘာရာချာယာက ပြောကြားသည်။

ဂုဏ်ပြု

မိမိနိုင်ငံ၌ပင် အလုပ်အကိုင်များ ပိုမိုရရှိလာပြီး သိပ္ပံနှင့်နည်းပညာဆိုင်ရာ၌ ပြည်ပနိုင်ငံများတွင် ပညာရေးဆိုင်ရာမြင့်တင်မှု၌ အခွင့်အလမ်းများ ပိုမိုရရှိလာမည်ဖြစ်သည်ဟု ဘာရာချာယာက ပြောဆိုခဲ့သည်။

အစိုးရနည်းပညာကျောင်း ရိုနက်စ်သိပ္ပံသည် ထူးချွန်ကျောင်းသား ၄၀ နှင့် သိပ္ပံပညာရှင် ၁၂၆ ဦးနှင့် နည်းပညာရှင်အမျိုးသမီးရှစ်ဦးကို ဂုဏ်ပြုချီးမြှင့်ခဲ့ကြောင်း ထိုသင်တန်းကျောင်း၏ ပြောရေးဆိုခွင့်ရှိသူ ဒီနီရိုင်ဘူဂျူကပြောကြားခဲ့သည်။

သိပ္ပံနှင့်နည်းပညာဆိုင်ရာ နှစ် ၂၀ စီမံကိန်း အစီအစဉ်တစ်ရပ်ကို အဆိုပါ သင်တန်းကျောင်းက တင်ပြထားကြောင်း ဘူဂျူက ထုတ်ဖော်ပြောကြားသည်။

ဝန်ထမ်းအင်အား

ရိုနက်စ်သိပ္ပံတွင် သိပ္ပံပညာရှင် ၂၈ ဦး၊သိပ္ပံနှင့် နည်းပညာလက်ထောက် ၂၀၊ အုပ်ချုပ်ရေးအဖွဲ့ဝင် လုပ်ကိုင်သူ ၇၅ ဦး အပါအဝင် ဝန်ထမ်းအင်အားပေါင်း ၁၂၅ ဦးရှိသည်။

အမ်အင်အေ၊ ဆင်ဟွာ။

နီပေါနိုင်ငံမြောက်ပိုင်းရှိ ခရီးသွားများအပန်းဖြေရာ ကွမ်ဒီအရပ်တွင် ကမ္ဘာ့အမြင့်ဆုံးဧဝရက်တောင်သို့တက်ရောက်မည့် တောင်တက်သမားများအား ဧပြီ ၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အင်ဒိုနီးရှား၌ ဓာတ်အားပေးစက်ရုံခြောက်ရုံ တည်ဆောက်မည်

ဂျကာတာ ဧပြီ ၃

အင်ဒိုနီးရှား၌ မဂ္ဂါဝပ် ၂၂၇၀ ထုတ်လုပ်နိုင်သော လျှပ်စစ် ထုတ်လုပ်ရေး စက်ရုံအပါအဝင်လျှပ်စစ်ထုတ်လုပ်ရေးစက်ရုံခြောက်ရုံ တည်ဆောက်ရန် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံသူများကို ကမ်းလှမ်းထားကြောင်း မတ် ၃၁ ရက်ထုတ် သတင်းတစ်ရပ်၌ ဖော်ပြထားသည်။

အဆိုပါ စက်ရုံတည်ဆောက်ရေးအတွက် ခန့်မှန်းခြေအားဖြင့် အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၇ ဘီလီယံ ကုန်ကျမည်ဖြစ်သည်ဟု အန်တာရာသတင်းဌာနကဖော်ပြသည်။တည်ဆောက်မည့် စက်ရုံခြောက်ရုံမှာ ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံငါးရုံနှင့် ရေနွေးငွေ့သုံးဓာတ်အားပေးစက်ရုံတစ်ရုံ ပါဝင်သည်။

လေလံအနိုင်ရရှိသူသည် နှစ် ၃၀ လုပ်ပိုင်ခွင့်ရရှိပြီး ပီတီပီရာဆာဟန်လီစတစ်စ်နီဂါရာ (ပီအယ်လ်အင်) အစိုးရပိုင် လျှပ်စစ်ကုမ္ပဏီကို ဓာတ်အားရောင်းချရန် သဘောတူလက်မှတ်ရေးထိုးရမည် ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဂါဇာကမ်းမြောင်ရှိကမ်းခြေတွင် ငါးမန်းများအုပ်စုလိုက်တွေ့ရှိ

ဂါဇာ ဧပြီ ၃

ငါးမန်းအုပ်စုများသည် ဂါဇာကမ်းမြောင်ဒေသရှိ ကမ်းခြေသို့ လာရောက်နေကြကြောင်း ပါလက်စတိုင်း တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

ဂါဇာကမ်းမြောင်ဒေသတောင်ပိုင်းရှိ ကမ်းခြေဒေသသို့ ငါးမန်းများ အုပ်စုလိုက် ရောက်ရှိနေကြကြောင်း၊ အထူးသဖြင့် ရာဖာနှင့် ခန်းယွန်မြို့တို့၏ ကမ်းခြေသို့ လာရောက်ကြကြောင်း ပါလက်စတိုင်း ရေလုပ်သားအဖွဲ့မှ အကြီးအကဲ အယ်လ်–အမူဒီက သတင်းထောက်များကို ပြောကြားသည်။

ငါးမန်းများ ဒါဇင်လိုက်ချီ၍ ရာဖာနှင့် ခန်းယွန်မြို့တို့ရှိ ကမ်းခြေများသို့ တနင်္ဂနွေနေ့က ရောက်လာသည်ကို မြင်တွေ့ခဲ့ရကြောင်း ဂါဇာဒေသရှိ ကမ်းခြေများသို့ အဆိုပါငါးမန်းများ လာရောက်သည်ကို မြင်တွေ့ ရသည်မှာ ပထမအကြိမ်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ဒေသခံများ ရေမကူးရန်နှင့် လှေငယ်များဖြင့် ငါးမဖမ်းကြရန် ၎င်းက သတိပေးထားသည်။

ရေလုပ်သားအချို့က ယင်းဆိပ်ကမ်းများတွင် ငါးမန်းဖမ်းရန် ကြိုးစားကြကြောင်း၊ အချို့ငါးမန်းများမှာ ကီလိုဂရမ် ၁၂၀ ခန့်ရှိကြောင်း သိရသည်။

အမ်အင်အေ၊ ဆင်ဟွာ။



အင်ဒိုနီးရှားနိုင်ငံရှိ လျှပ်စစ်ဓာတ်အားပေး စက်ရုံတစ်ရုံကို ဧပြီ ၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

နိုင်ငံခြားသတင်းများ

အစ္စတန်ဘူလ်၌ ဗုံးပေါက်ကွဲ၊ တစ်ဦးသေဆုံး

အစ္စတန်ဘူလ် ဧပြီ ၃

တူရကီနိုင်ငံ မြို့တော်အစ္စတန်ဘူလ်ရှိ ဘတ်စ်ကားဂိတ် အနီးမှ အမှိုက်ပုံးအတွင်း ဗုံးပေါက်ကွဲမှုဖြစ်ပွားသဖြင့် လူတစ်ဦးသေဆုံးပြီး အခြားလူငါးဦး သောကြာနေ့က ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း တူရကီမီဒီယာက ပြောကြားသည်။

လာရောက်ရှင်းလင်း

ယင်းပေါက်ကွဲမှုနှင့်စပ်လျဉ်း၍ မည်သူ၏ လက်ချက်မှန်း မသိရသေးပေ။ အမှိုက်ပုံးတစ်ပုံးမှ ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီး သည့်နောက် ဗုံးရှင်းလင်းရေးတပ်ဖွဲ့က လာရောက်ရှင်းလင်း ကြသည်။

ကာ့ဒ်ခွဲထွက်ရေးသမားများ၊ အစ္စလမ္မစ်များနှင့် လက်ဝဲအစွန်းရောက်များအပါအဝင် စစ်သွေးကြွများက အရပ်သားများလုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် စစ်ဘက်တပ်ဖွဲ့ဝင်များကို ပစ်မှတ်ထား၍ ယခင်က တိုက်ခိုက်ခဲ့ကြသည်။ တူရကီအစိုးရကမူ ယင်းကိစ္စအပေါ် ကာဒ်စတန် အလုပ်သမားပါတီကို ပြစ်တင်ပြောကြားထားသည်။

အမ်အင်အေ၊ ရိုက်တာ။

တရုတ်နိုင်ငံတွင် ကြွက်များကြောင့် သစ်တောမြေများ ပျက်စီး

ပေကျင်း ဧပြီ ၃

တရုတ်နိုင်ငံ တောမြေဖုံးလွှမ်းသောအရပ်ဒေသများ၌ တောကြွက်များဖျက်ဆီးမှုများပြားလာကြောင်း၊ ပြည်သူများ၌ ပလိပ်ရောဂါကူးစက်ပျံ့နှံ့မည်ကို စိုးရိမ်ကြောက်လန့်လျက်ရှိကြောင်း တရုတ်နိုင်ငံ ဒေးလီးသတင်းစာက ဧပြီ ၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ပျက်စီးမှုများပြား

တောကြွက်များသည် ၂၀၀၅ ခုနှစ် နှစ်ကုန်ပိုင်းအထိ သစ်တောမြေဟက်တာ ၁ ဒသမ ၂ သန်းကို ဖျက်ဆီးခဲ့ပြီး၊ ၂၀၀၄ ခုနှစ်ကထက် ၂၆ ရာခိုင်နှုန်း ပိုမိုပျက်စီးခဲ့ကြောင်း၊ ၂၀၀၆ ခုနှစ်တွင် ဟက်တာ ၁ ဒသမ ၄ သန်းထိ ပျက်စီးမှုများပြားလာမည်ဖြစ်ကြောင်း တရုတ်နိုင်ငံ သစ်တောအုပ်ချုပ်ရေးဌာန (အက်စ်အက်စ်အေ)မှ နောက်ဆုံးစာရင်းများအရ သိရှိရသည်။

စိုးရိမ်

ကျင်ဟိုင်း–တိဘက်ရထားလမ်းကို ဇူလိုင်လတွင် စမ်းသပ်မှုဆောင်ရွက်မည်ဖြစ်၍ ပလိပ်ရောဂါများ တစ်နေရာမှ တစ်နေရာသို့ ပျံ့နှံ့မည်ကို အက်စ်အက်စ်အေအဖွဲ့က စိုးရိမ်လျက်ရှိကြောင်း အဆိုပါအဖွဲ့မှ သစ်တောပျိုးထောင်ရေးဌာန အင်ဂျင်နီယာချုပ် ဝူကျန်က ပြောကြားခဲ့သည်။

ကျင်ဟိုင်းပြည်နယ် အနောက်မြောက်ဖျားပိုင်း၌ တောရိုင်းတိရစ္ဆာန်များကို အမဲလိုက်ရာမှ ပလိပ်ရောဂါ ကူးစက်ကျရောက်တတ်ကြောင်း၊ ထိုရောဂါသည်တစ်ဦးမှ တစ်ဦးကူးစက်ပျံ့နှံ့နိုင်သည်ဖြစ်ရာ အဆိုပါ ပြည်နယ်နှင့် အခြားပြည်နယ်များဆက်နွယ်ဖောက်လုပ်လျက်ရှိသောရထားလုပ်ငန်းကြောင့် လာမည့်ကာလတွင် အခြားဒေသများသို့ ကူးမည်ကို စိုးရိမ်ရသည်။ မျက်မှောက်တွင် ထိုဒေသရှိ လူများသို့ ကူးစက်ပျံ့နှံ့မရှိစေရန် ကောင်းမွန်စွာ ထိန်းချုပ်ထားကြောင်း ဖော်ပြခဲ့သည်။

ထိုကြွက်များဖျက်ဆီးမှုကို ကာကွယ်ရန်နှင့် ကြွက်ကြောင့် ပလိပ်ရောဂါပျံ့နှံ့မှု အခြေအနေကို ထိန်းချုပ်ရန် နည်းလမ်းများ ရှာဖွေထုတ်ပြန်ရန်အတွက် နောက်လတွင် အက်စ်အက်စ်အေအဖွဲ့သည် အစည်းအဝေးကျင်းပရန်စီစဉ်လျက်ရှိသည်။

ရောဂါရှိသောကြွက်များနှင့် နီးကပ်စွာရှိခြင်းနှင့် လေထဲရှိ အမှုန်များကို ရှူရှိုက်မိရာမှတစ်ဆင့် ပလိပ်ရောဂါ ကူးစက်ဖြစ်ပွားနိုင်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

အာဖဂန်၌ အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပွား အမေရိကန်တပ်ဖွဲ့ဝင်ငါးဦး ဒဏ်ရာရရှိ

အဆာဒါဘက်(အာဖဂန်နစ္စတန်)ဧပြီ ၃

အာဖဂန်နစ္စတန်နိုင်ငံတွင် စနေနေ့က လမ်းဘေးဗုံးပေါက်ကွဲသဖြင့် အမေရိကန်တပ်ဖွဲ့ဝင် ငါးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ ဗုံးဖောက်ခွဲသူတစ်ဦးက ကနေဒါတပ်ဖွဲ့ဝင်များကို ဗုံးဖောက်ခွဲတိုက်ခိုက်မှုမှာလည်း အခြားနေရာတွင် ဖြစ်ပွားခဲ့ကြောင်း စစ်ဘက်မှတာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

– မြင့်တက် –

ကန်ဒါဟာပြည်နယ်တွင် ဖြစ်ပွားသည့် ဗုံးဖောက်ခွဲတိုက်ခိုက်မှုတွင် ကနေဒါတပ်ဖွဲ့ဝင် သို့တည်းမဟုတ် အာဖဂန်တပ်ဖွဲ့ဝင်များ ထိခိုက်ဒဏ်ရာ မရရှိကြကြောင်း၊ သို့ရာတွင် မော်တော်ဆိုင်ကယ်စီးလာသူတစ်ဦးကို အကြမ်းဖက် သမားထင်၍ အာဖဂန်တပ်ဖွဲ့ဝင်က ပစ်သတ်ခဲ့ကြောင်း အာဖဂန်တပ်မှူးတစ်ဦးက ပြောကြားသည်။

တာလီဘန် ပြောက်ကျားများက တတိယအကြိမ် ဗုံးခွဲတိုက်ခိုက်မှုသည် ၎င်းတို့၏ လက်ချက် ဖြစ်သည်ဟု သုံးရက်အတွင်း ကြေညာခဲ့သည်။ စောစောပိုင်းက တိုက်ခိုက်မှုအတွင်း ကနေဒါ တပ်ဖွဲ့ဝင်တစ်ဦးနှင့် လမ်းသွားလမ်းလာ ခုနစ်ဦးထက်မနည်း ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ပြည်ပတပ်ဖွဲ့ဝင်များနှင့် အနောက်အုပ်စုက ထောက်ခံသည့် အာဖဂန်အစိုးရကို ဖြုတ်ချရန်အတွက် တာလီဘန် ပြောက်ကျားများက နွေဦးပေါက်ရာသီတွင် ထိုးစစ်ဆင်နွှဲမည်ဟု ကြေညာပြီးသည့်နောက် အာဖဂန်နစ္စတန်နိုင်ငံ တစ်ဝန်းတွင် မကြာခင်ရက်များအတွင်း အကြမ်းဖက် တိုက်ခိုက်မှုများ မြင့်တက်လာခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

ပါကစ္စတန်နိုင်ငံ၏ ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်သော ကရာချီမြို့တွင် ကုလားအုတ်ဆွဲသည့် ကုန်တင်လှည်းတစ်စီးကို ဧပြီ ၃ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

လန်ဒန်သို့ ကန်နိုင်ငံခြားရေးဝန်ကြီးရောက်ရှိစဉ် ဆန္ဒပြမှုများနှင့်တွေ့ကြုံ

ဘလက်ဘန်း(အင်္ဂလန်) ဧပြီ ၃

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကွန်ဒိုလီဇာရိုက်စ်သည် ဗြိတိန်နိုင်ငံအနောက်မြောက်ပိုင်းမှ မွတ်စလင်ခေါင်းဆောင်များနှင့် စနေနေ့က တွေ့ဆုံဆွေးနွေးသည်။ အီရတ်စစ်ပွဲဖြစ်ပွားရာတွင် ပါဝင်ပတ်သက်ခဲ့သူတစ်ဦးဖြစ်သည့် ရိုက်စ် ဗြိတိန်သို့ လာရောက်စဉ် ဆန္ဒပြသူများက ၎င်းအား ဗြိတိန်မှ ဌာနေပြန်ရန် ဒေါသတကြီးဖြင့် တောင်းဆိုခဲ့ကြသည်။

ဆွေးနွေး

ဆန္ဒပြသူ ၃၀၀ ခန့်က "ကွန်ဒိုလီဇာရိုက်စ်အိမ်ပြန်"၊ "စစ်အလိုမရှိ"ဟု ဟစ်ကြွေးကြသည်။ ယင်းအချိန်တွင် ရိုက်စ်နှင့် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး စထရောတို့သည် မွတ်စလင်ခေါင်းဆောင်များနှင့် မြို့တော်ခန်းမတွင် တွေ့ဆုံဆွေးနွေးနေကြသည်။ ယင်းသို့ ဆွေးနွေးပြီးနောက် သတင်းစာရှင်းလင်းပွဲပြုလုပ်ရာတွင် ဆန္ဒပြသူများ၏ ကြွေးကြော်သံများကို အတိုင်းသားကြားနေရသည်။

ဒေါသထွက်

ကျူးဘားနိုင်ငံရှိ ဂွာတာနာမို အမေရိကန်အကျဉ်းစခန်းနှင့် ပတ်သက်၍ ဆန္ဒပြသူများက ဒေါသထွက်နေကြသည်။ ယင်းစခန်းတွင် အကြမ်းဖက်သမားဟု သင်္ကာ မကင်းသူများကို လူမဆန်စွာထိန်းသိမ်းထားသည်ဟု လူ့အခွင့်အရေးအုပ်စုများက ပြောကြားနေကြသည်။ ***အမ်အင်အေ၊ ရိုက်တာ။***



ဗြိတိန်နိုင်ငံမြောက်ပိုင်း ဘလက်ဘန်းအရပ်သို့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ရိုက်စ် မတ် ၃၁ရက်က လာရောက်လည်ပတ်စဉ် စစ်ဆန့်ကျင်သူများက ကန့်ကွက်ဆန္ဒပြကြစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ဟောလီဝုဒ် နာမည်ကြီးရုပ်ရှင်များ အင်တာနက်မှ ရောင်းချပေးသွားမည်

လော့အိန်ဂျလိစ် ဧပြီ ၃

ဟောလီဝုဒ်ရုပ်ရှင်လုပ်ငန်းများသည် "ဘရုတ်ဒ်ဘက်မောင်တိန်" နှင့် "ကင်းကောင်"ကဲ့သို့သော နာမည်ကြီးရုပ်ရှင်များ၏ ဒီဂျစ်တယ်ကားထုပ်များကို ယခုသီတင်းပတ်မှစ၍ အင်တာနက်အွန်လိုင်းတွင် တင်၍ ရောင်းချပေးသွားမည်ဖြစ်ကြောင်းသိရသည်။

ထိုရုပ်ရှင်ကားများကို စီဒီပြားပေါ်တွင်ကူးယူကာ ဒီဗီဒီပြစက်ဖြင့် ပြသနိုင်ခြင်းရှိမည်မဟုတ်ဟု ဆိုသည်။ သို့ရာတွင် ထိုရုပ်ရှင်ကားများကို အင်တာနက်မှ တစ်ဆင့် ရယူ၍ ကြည့်မည်ဆိုပါက ကြည့်နိုင်မည်ဖြစ်ကြောင်းသိရသည်။

– ရောင်းချပေးမည် –

ဟောလီဝုဒ်ရုပ်ရှင် စတူဒီယိုခြောက်ခုတို့က ရုပ်ရှင်များကို Movielink ခေါ် ဝက်ဘ်ဆိုက်မှတစ်ဆင့် ရောင်းချပေးသွားမည်ဖြစ်သည်။ ထိုဝက်ဘ်ဆိုက်ကို ဟောလီဝုဒ်ရှိ အဓိကစတူဒီယိုကြီးခုနစ်ခုအနက် ငါးခုက ပိုင်ဆိုင်ထားသည်။

ဟောလီဝုဒ်ရှိ ဝါနာဘရားသား၊ ယူနီဗာဆယ်ပစ်ချာ၊ ဆိုနီပစ်ချာ၊ ပါရာမောင့်ပစ်ချာ၊ နှစ်ဆယ်ရာစုခေတ်မြေခွေးနှင့် အမ်ဂျီအမ်စတူဒီယိုကြီးများသည် ရုပ်ရှင်ကားဟောင်းများနှင့် ကားသစ်အချို့ကို မူဗီလင့်ဂ်ဝက်ဘ်ဆိုက်မှတစ်ဆင့် ရောင်းချပေးမည်ဖြစ်သည်။

အင်တာနက်။

နိုင်ငံတကာ သတင်းများ

ဘူလ်ဂေးရီးယားနိုင်ငံ ဘရာဇီး၌ လေယာဉ်ပျက်ကျ၊ လူ ၁၉ ဦး သေဆုံး

ရီယိုဒီဂျနေရို ဧပြီ ၃

ဘရာဇီးနိုင်ငံမှ လေယာဉ်တစ်စင်းသည် ခရီးသည်များ တင်ဆောင်ပြီး မာကေးမြို့မှ ရီယိုဒီဂျနေရိုမြို့သို့ ပျံသန်းလာစဉ် တောင်တန်းတစ်ခုနံဘေးတွင် ပျက်ကျသွားခဲ့သဖြင့် စီးနင်းလိုက်ပါလာသူ ၁၉ ဦးစလုံး သေဆုံးကြောင်း ကယ်ဆယ်ရေးအဖွဲ့နှင့် လေကြောင်းဌာနက စနေနေ့တွင် ပြောကြားသည်။

ပျက်ကျ

စက်နှစ်လုံးတပ် လေယာဉ်တစ်စင်းသည် ရီယိုဒီဂျနေရိုမြို့ အရှေ့ဘက်မိုင် ၆၀ အကွာရှိ ဆာကွာရီမာမြို့တွင် သောကြာနေ့ညက ပျက်ကျခဲ့ရာ လေယာဉ်ဝန်ထမ်းနှစ်ဦးနှင့် ခရီးသည် ၁၇ ဦး သေဆုံးခဲ့သည်ဟု တင်းမ်အင် ပရီဆာ အီရီယာလေကြောင်းဌာနက ပြောကြားသည်။

သေဆုံး

သေဆုံးသူများတွင် ဆောက်လုပ်ရေးဝန်ထမ်းနှစ်ဦး ပါသွားခဲ့ကြောင်း၊ ၎င်းတို့သည် ရက်သတ္တပတ် ရက်အားတွင် အိမ်သို့ ပြန်လာကြစဉ် သေဆုံးခြင်းဖြစ်ကြောင်း အဆိုပါ လေကြောင်းဌာနမှ တာဝန်ရှိပုဂ္ဂိုလ် ဒေးဗစ်ဖာရီယာက ပြောကြားသည်။

မြေပြင်နှင့်ပြတ်တောက်

အဆိုပါ လေယာဉ်သည် မာကေးမြို့မှ ထွက်ခွာလာပြီး ရီယိုဒီဂျနေရိုမြို့သို့ ပျံသန်းလာခဲ့ရာ ကောင်းကင်သို့ ပျံတက်ပြီး မိနစ် ၂၀ အကြာတွင် မြေပြင်နှင့် အဆက်အသွယ် ပြတ်တောက်သွားခဲ့သည်ဟု ၎င်းက ပြောကြားသည်။

ပြောကြား

အဆိုပါလေယာဉ်သည် တောင်စောင်းနှင့် တိုက်မိပြီး ပျက်ကျသံကြားခဲ့ရသည်ဟု ဒေသခံများက ပြောကြားသည်ဟု ဖီရီယာက ရိုက်တာသတင်းဌာနသို့ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေရိုမြို့အပြင်ဘက် တောင်ထူထပ်ရာနေရာ၌ ခရီးသည်တင် လေယာဉ်တစ်စင်း ပျက်ကျပြီးနောက် ရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်နေသည်ကို ဧပြီ ၁ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

အီရတ်တွင် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံး

ဘဂ္ဂဒက် ဧပြီ ၃

အီရတ်နိုင်ငံမြောက်ပိုင်း ကယ်ကွတ်ပြည်နယ်တွင် စစ်ဘက်ဆိုင်ရာ လှုပ်ရှားမှု ပြုလုပ်စဉ်အတွင်း အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးကြောင်း အမေရိကန်စစ်ဘက်က တနင်္ဂနွေနေ့တွင် ပြောကြားသည်။

ကြာသပတေးနေ့က စစ်ဘက်လှုပ်ရှားမှု ပြုလုပ်ခဲ့စဉ်အတွင်း အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသည် တိုက်ခိုက်မှုမဟုတ်သည့် ဖြစ်ရပ်နှင့် မတော်တဆဖြစ်မှု ဖြစ်ပွားခဲ့သည်။ အခင်းဖြစ်ပွားမှုတွင် ရရှိခဲ့သည့် ဒဏ်ရာကြောင့် ထိုတပ်ဖွဲ့ဝင် သေဆုံးသွားခဲ့သည်ဟု စစ်ဘက်က ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။ သို့ရာတွင် ၎င်း၏ အမည်ကို ထုတ်ဖော်ကြေညာခြင်းမရှိပေ။

၎င်းတပ်ဖွဲ့သည် အမှတ်(၁၀၁) လေကြောင်းချီ အထူးတပ်မမှ ဖြစ်သည်ဟု ဆိုသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အီရတ်၌ သေဆုံးသောကန်တပ်ဖွဲ့ဝင်ဦးရေ ဧပြီ ၃ ရက်အထိ ၂၃၄၄ ဦးရှိပြီ

ဝါရှင်တန် ဧပြီ ၃

အီရတ်စစ်ပွဲစတင်ဖြစ်ပွားသည့် ၂၀၀၃ ခုနှစ် မတ်လမှ ၂၀၀၆ ခုနှစ် ဧပြီလ ၃ ရက်အထိကာလအတွင်း အီရတ်တွင်ဖြစ်ပွားသော တိုက်ပွဲများကြောင့် အသက်ဆုံးရသော အမေရိကန်တပ်ဖွဲ့ဝင် စုစုပေါင်းမှာ ၂၃၄၄ ဦးရှိသွားပြီဖြစ်ကြောင်း အေပီသတင်းဌာန၏စာရင်းများအရ သိရသည်။

အထက်ပါကိန်းဂဏန်းများအနက် အမေရိကန်တပ်ဖွဲ့ဝင် ၁၈၃၅ ဦးထက်မနည်းမှာ ခုခံဆန့်ကျင်သော တိုက်ခိုက်မှုများကြောင့် သေဆုံးရခြင်းဖြစ်ကြောင်း စစ်ဘက် ထုတ်ပြန်ချက်များတွင် ဖော်ပြထားသည်။ ကန်တပ်ဖွဲ့များ၏ သေဆုံးစာရင်းတွင် စစ်ဘက်တာဝန်ထမ်းဆောင်ရင်း အသက်ဆုံးသွားသော အရပ်သားခုနစ်ဦး၏ စာရင်းလည်းပါဝင်သည်။

အေပီသတင်းဌာန၏စာရင်းသည် ကန်စစ်ဘက်က ထုတ်ပြန်သော စာရင်းထက် သေဆုံးသူဦးရေ ခြောက်ဦးပိုမိုများပြားသည်။ ***အင်တာနက်။***

ဥရောပအလယ်ပိုင်းဒေသတွင် ရေလွှမ်းမိုးမှုဖြစ်ပွား လူအများအပြား ဘေးကင်းရာသို့ ရွှေ့ပြောင်းကြရ

ပရာဟာ ဧပြီ ၃

ဥရောပဒေသ အလယ်ပိုင်းရှိ မြစ်များတွင် စနေနေ့က ရေများ မြင့်တက်လာခဲ့သဖြင့် ရေလွှမ်းမိုးမည့် အန္တရာယ်ဖြင့် ရင်ဆိုင်ကြုံတွေ့နေရပြီး ဒေသတစ်ဝန်းတွင် လူများရာချီ၍ နေရာရွှေ့ပြောင်းရမည့် အချိန်ကို စောင့်စားနေကြသည်။

သေဆုံး

စနေနေ့က ရေလွှမ်းမိုးမှု ဖြစ်ပွားသဖြင့် ချက်သမ္မတနိုင်ငံတွင် လူငါးဦး သေဆုံးခဲ့ပြီး ဆလိုဗက်ကီးယားဒေသတွင် အိမ်ခြေရာခြေမရှိသူတစ်ဦး ဇာဘရီမြို့အနီး၌ သေဆုံးခဲ့သည်။

ချက်သမ္မတနိုင်ငံ၏ ဒေသ ၁၄ ခုတွင် စနေနေ့က အရေးပေါ်အခြေအနေ ကြေညာထားရပြီး နိုင်ငံတစ်ဝန်းလုံးတွင် တနင်္လာနေ့ ညနေမတိုင်မီအထိ ရေဘေးဒုက္ခဖြင့် ကြုံတွေ့နိုင်သည်ဟု ချက်မိုးလေဝသဌာနက သတိပေးချက် ထုတ်ပြန်ထားသည်။

ညွှန်ကြား

ရေလွှမ်းမိုးမည့် အန္တရာယ် အများဆုံးရှိနိုင်သည့် အိုလိုမော့မြို့မှ လူ ၁၈၀၀ ခန့်ကို ယင်းမြို့မှ ဘေးကင်းရာသို့ ရွှေ့ပြောင်းရန် တာဝန်ရှိပုဂ္ဂိုလ်များက ညွှန်ကြားထားသည်။

မယ်နစ်မြို့မှ လူ ၂၀၀၀ ခန့်ကိုလည်း နေရာ ရွှေ့ပြောင်းကြရဖွယ်ရှိသည်ဟု ဒေသခံအာဏာပိုင်များက ပြောကြားသည်။

ရွှေ့ပြောင်း

ဂျာမနီနိုင်ငံတွင်လည်း အယ်လ်ဘီမြစ်ရေ မြင့်တက်လာသဖြင့် ဒရက်စဒင်မြို့မှ လူ ၃၀၀ ခန့်သည် ဘေးကင်းရာသို့ ရွှေ့ပြောင်းသွားခဲ့ကြသည်။

ဟန်ဂေရီနိုင်ငံ၏ ဒေသအများစုတွင်လည်း ရေလွှမ်းမိုးသဖြင့် လမ်းအဆက်အသွယ် ပြတ်တောက်သွားခဲ့ရသည်ဟု အာဏာပိုင်များက စနေနေ့တွင် ပြောကြားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

အယ်လ်ဘီမြစ်ရေ လျှံတက်လာမှုကြောင့် ဂျာမနီနိုင်ငံ ဒရက်စဒင်မြို့တွင် သဲအိတ်များချကာ ရေဘေးကာကွယ်ရေး ဆောင်ရွက်ထားသည်ကို ဧပြီ ၃ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

အထွေထွေအတွင်းရေးမှူး ဝန်ကြီးပိုလ်ချုပ်ဌေးဦး ပဲခူးတိုင်းအတွင်း ဒေသခံများအားတွေ့ဆုံမှာကြား

ရန်ကုန် ဧပြီ ၄

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ပဲခူးတိုင်း ကညွတ်ကွင်းမြို့ ရပ်မိ ရပ်ဖများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြို့နယ်အမှုဆောင်များ၊ အသင်းဝင်များနှင့်အတူ ဧပြီ ၁ ရက် ညနေ ၄နာရီခွဲတွင် ကညွတ်ကွင်းမြို့ ရတန သိဒ္ဓိဆုတောင်းပြည့် စေတီတော်အား ဖူးမြော်ပြီး ရတနသိဒ္ဓိ မန္တလေးကျောင်းတိုက် ဆရာတော် ဦးစိန္တာမယအား ပူဇော်ကန်တော့ကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် အထွေထွေ အတွင်းရေးမှူး ဝန်ကြီးသည် ရပ်မိရပ်ဖများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ စုပေါင်းပြုပြင် မွမ်းမံနေသော ရှေးဟောင်းမဟာသိမ်တော်ကြီး (သာသနမလဝိသောဓနီ) အားကြည့်ရှုကာလိုအပ်သည်များ ဖြည့်ဆည်းပေးခဲ့သည်။

ဆက်လက်၍ အထွေထွေ အတွင်းရေးမှူး ဝန်ကြီးသည် ရပ်မိရပ်ဖများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့်အတူ ကညွတ်ကွင်းမြို့ မိုးကောင်းကျောင်းသို့ သွားရောက်ပြီး မိုးကောင်းကျောင်းဆရာတော် ဦးသီလစာရအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အထွေထွေအတွင်းရေးမှူး ဝန်ကြီးသည် ရပ်မိရပ်ဖများ၊ အသင်းဝင်များအား နိုင်ငံတော် တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူတို့ ပူးပေါင်း ဆောင်ရွက်မှုများကြောင့် ပေါ်ထွန်းလာသော ရလဒ်ကောင်းများကို ရှင်းလင်းပြောကြားပြီး မိမိတို့ နယ်မြေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် ကျေးရွာ၌ လမ်းများ ပြုပြင်နိုင်ရေးအတွက် စီမံဆောင်ရွက်ပေးသည်။

လှည့်လည်ကြည့်ရှု

အထွေထွေအတွင်းရေးမှူး ဝန်ကြီးနှင့်အဖွဲ့သည် ရပ်မိရပ်ဖများ၊အသင်းဝင်များနှင့်အတူ ဓမ္မဝိသောဓနီ သိမ်တော်ကြီးနှင့် မိုးကောင်းစေတီတော် ပြုပြင်မွမ်းမံပြီးစီးမှုများကို လှည့်လည်ကြည့်ရှုကြည်ညိုပြီး လိုအပ်သည်များဖြည့်ဆည်းပေးသည်။

ထို့နောက် အထွေထွေ အတွင်းရေးမှူး ဝန်ကြီးသည် ရပ်မိရပ်ဖများ၊ အသင်းဝင်များနှင့်အတူ ကညွတ်ကွင်းမြို့ အော်တိုတယ်လီဖုန်းရုံ ဆောက်လုပ်မှုများကို ကြည့်ရှုသည်။

(သတင်းစဉ်)

ဓမ္မသုခ သကြၤန်တရားစခန်း

ရန်ကုန် ဧပြီ ၄

မအူပင်မြို့၊ (၇)ရပ်ကွက်၊ ရေလဲလမ်းနှင့် ခိုင်ရွှေဝါလမ်း၊ ဓမ္မသုခ စာရီကျောင်းတိုက်တွင် ဆရာတော် ဦးနိပုဏနှင့် အရှင်နန္ဒိယ (ကမ္မဋ္ဌာနာစရိယ)တို့က မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သတ္တမအကြိမ် ဓမ္မသုခ သကြၤန်တရားစခန်းပွဲနှင့် ဒုလ္လဘ ရဟန်းခံပွဲကို ဧပြီ ၁၁ ရက်မှ ၁၇ရက်အထိကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများနှင့် ဒုလ္လဘရဟန်းခံလိုသူများ ကြိုတင်စာရင်းပေးသွင်းကြရန် နှိုးဆော်ထားကြောင်း သိရသည်။

(က-ပ)

မဟာဝိဇယစေတီတော်၌ ဘာနုရာဇာနေမင်းကြီး မြတ်စွာဘုရားအား ဦးခိုက်ပူဇော်မည်

ရန်ကုန် ဧပြီ ၄

ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်း ဓမ္မရက္ခိတကုန်းပေါ်၌ တည်ထားကိုးကွယ်လျက်ရှိသော မဟာဝိဇယစေတီတော် ဂန္ဓကုဋိတိုက်အတွင်းရှိ အပ္ပရာဇိတပလ္လင်ပေါ်၌ သီတင်းသုံး စံပယ်လျက်ရှိသော နာဂစီဝရာပဋ္ဌပဋိမာမြတ်စွာဘုရားဆင်းတုတော်မြတ်အား ရောင်ခြည်တစ်ထောင် အလင်းဆောင်သော ဘာနုရာဇာနေမင်းကြီးသည် မိမိ၏အလင်းရောင်ဖြင့် တစ်နှစ်တွင် တစ်လ၊ တစ်လတွင် တစ်ရက် ဧပြီ ၁၇ ရက် နံနက် ၈နာရီ ၃၅မိနစ်တွင် တစ်ကြိမ်၊ ထိုနေ့ညနေ ၃နာရီ ၂၅မိနစ်တွင် တစ်ကြိမ် စုစုပေါင်း နှစ်ကြိမ်တိုင်တိုင် ဦးခိုက်ပူဇော်မည်ဖြစ်သည်။

နေမင်းကြီးက မြတ်စွာဘုရားအား အလင်းရောင်ဖြင့် ဦးခိုက်ပူဇော်သည့် ထူးမြတ်လှသော အချိန်အခါတွင် သွားရောက် ဖူးမြော်ကြည်ညိုနိုင်သည်။

(သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ ဘာသာပြန်စာအုပ် အုပ်ရေ ၃၅၀ ပေးအပ်လှူဒါန်း

ရန်ကုန် ဧပြီ ၄

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ စာရေးဆရာ ဦးစံတင်အောင် (ရွှေဘို)က ၎င်းရေးသားပြန်ဆိုထားသော "သင်၏တန်ဖိုးကို အမြင့်မားဆုံး ဘယ်လောက်သတ်မှတ်ထားပါသလဲ" ဘာသာပြန် စာအုပ် အုပ်ရေ ၃၅၀ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်းသစ်ရှိ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ်ရုံး ဧည့်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဌာနချုပ်ရုံးမှ ဌာနချုပ်မှူး၊ ဒုတိယဌာနချုပ်မှူးနှင့် တာဝန်ရှိသူများ၊ အလှူရှင် စာရေးဆရာ ဦးစံတင်အောင် (ရွှေဘို)နှင့် မိသားစုတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ အလှူရှင် စာရေးဆရာ ဦးစံတင်အောင်(ရွှေဘို)က လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အလှူရှင် စာရေးဆရာ ဦးစံတင်အောင်(ရွှေဘို)က ငွေကျပ် ၇၃၅၀၀၀ တန်ဖိုးရှိ ၎င်းရေးသား ပြန်ဆိုထားသော"သင်၏တန်ဖိုးကို အမြင့်မားဆုံး ဘယ်လောက် သတ်မှတ်ထားပါသလဲ" စာအုပ် အုပ်ရေ ၃၅၀ ကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်ထံ ပေးအပ်လှူဒါန်းရာ လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး ဦးသိန်းစိန်က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်ထံ စာရေးဆရာ ဦးစံတင်အောင်(ရွှေဘို)က "သင်၏ တန်ဖိုးကို အမြင့်မားဆုံးဘယ်လောက်သတ်မှတ်ထားပါသလဲ"စာအုပ်များ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပခုက္ကူအိမ်တွင်းမှုသင်တန်းကျောင်း အခြေခံစက်ချုပ်သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဧပြီ ၄

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ပခုက္ကူမြို့ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း အခြေခံစက်ချုပ် သင်တန်းအမှတ်စဉ်(၁)ဆင်းပွဲ အခမ်းအနားကို မတ် ၃၁ရက်နံနက် ၈နာရီခွဲတွင် သင်တန်းကျောင်းခန်းမ၌ ကျင်းပရာ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းရှိန်က သင်တန်းဆင်း အမှာစကားပြောကြားသည်။

ယင်းနောက် ဝန်ကြီးဌာနက တစ်နှစ်ဆိုင်းအရစ်ကျစနစ်ဖြင့် ရောင်းချပေးသော အပ်ချုပ်စက်များကို သင်တန်းသူများသို့ လွှဲပြောင်းပေးအပ်သည်။

အဆိုပါသင်တန်းသို့ ပခုက္ကူမြို့ပေါ်မှ သင်တန်းသူ ၂၇ဦးနှင့်မြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသူ ၂၁ဦး စုစုပေါင်း သင်တန်းသူ ၄၈ ဦးတက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၄ပတ်ကြာမြင့်သည်။ သင်တန်းဆင်း သင်တန်းသူများကိုယ်ပိုင် စီးပွားရေးလုပ်ငန်းများ ထူထောင်နိုင်ရန် ဝန်ကြီးဌာနအစီအစဉ်ဖြင့် အပ်ချုပ်စက်များကို သက်သာသော ဈေးနှုန်းဖြင့် တစ်နှစ်ဆိုင်းအရစ်ကျစနစ်ဖြင့်ရောင်းချပေးခဲ့သည်။ (သတင်းစဉ်)

မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ပညာပေးဟောပြော၊ လက်တွေ့ဇာတ်တိုက်လေ့ကျင့်

တောင်ကြီး ဧပြီ ၂

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကိုယ်ပွားသတင်းစာတိုက်၊ တောင်ကြီးနှင့် တောင်ကြီးမြို့နယ် မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးပညာပေးဟောပြောပွဲနှင့် မီးသတ်ဆေးဘူးများ အသုံးပြု၍ မီးငြိမ်းသတ်မှုလက်တွေ့ဆောင်ရွက် လေ့ကျင့်ခြင်းအခမ်းအနားကို ဧပြီ ၂ရက် နံနက် ၁၀နာရီက ကိုယ်ပွားသတင်းစာတိုက် တောင်ကြီး၌ ကျင်းပရာ စာတည်းဦးနိုင်ထွန်းနှင့် ရုံးဝန်ထမ်းများ၊ တောင်ကြီးမြို့နယ်မီးသတ် ဦးစီးမှူး ဦးအောင်သူ၊ မီးသတ်စခန်းမှူး ဦးကြည်ဝင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ စာတည်းဦးနိုင်ထွန်းက သတင်းစာတိုက် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းပြောကြားပြီး မြို့နယ်မီးသတ်တပ်ဖွဲ့မှူးနှင့် စခန်းမှူးတို့က မီးဘေးကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များအား အသေးစိတ်ရှင်းလင်းပြောကြားသည်။

ထို့နောက် မီးသတ်ဆေးဘူးနှင့် မီးငြိမ်းသတ်ခြင်း လက်တွေ့ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်ခဲ့သည်။ (ကြေးမုံ)

နေပြည်တော်မြို့တော်တွင် တာဝန်ထမ်းဆောင်မည့် အခြေခံပညာဆရာ၊ဆရာမများ မွမ်းမံသင်တန်းဖွင့်

ရန်ကုန် ဧပြီ ၄

နေပြည်တော်မြို့တော်၌ တာဝန်ထမ်းဆောင်မည့် အခြေခံပညာဆရာ၊ ဆရာမများ ကျောင်း/ရုံးလုပ်ငန်း မွမ်းမံသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈နာရီခွဲတွင် လမ်းမတော် မြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း စွမ်းအားခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီးကိုယ်စား အမှတ်(၃)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူ တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

နေပြည်တော်မြို့တော်တွင် တာဝန်ထမ်းဆောင်မည့် အခြေခံပညာ ဆရာ၊ ဆရာမများ ကျောင်း/ရုံးလုပ်ငန်းမွမ်းမံ သင်တန်းဖွင့်ပွဲတွင် ပညာရေးဝန်ကြီးဌာန ဝန်ကြီးကိုယ်စား အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူ အမှာစကားပြောကြားစဉ်။ (ပညာရေး)

ရှင်းလင်းတင်ပြ

ဆက်လက်၍ သင်တန်းမှူး လမ်းမတော်မြို့နယ် မြို့နယ်ပညာရေးမှူး ဦးခင်သန်းက သင်တန်းနှင့် စပ်လျဉ်း၍ သိကောင်းစရာများကို ရှင်းလင်းတင်ပြသည်။

အဆိုပါ သင်တန်းသို့ အမှတ်(၁)နှင့် အမှတ်(၃)အခြေခံပညာဦးစီးဌာနတို့မှ အထက်တန်းပြသုံးဦး၊ အလယ်တန်းပြ ၃၆ဦး၊ မူလတန်းကျောင်းအုပ်တစ်ဦးနှင့် မူလတန်းပြ ၁၅ဦး စုစုပေါင်း သင်တန်းသား သင်တန်းသူ ဆရာ၊ ဆရာမ ၅၅ ဦး တက်ရောက်ကြသည်။

သင်တန်းကာလမှာ ယနေ့မှ ဧပြီ ၁၁ရက်အထိ တစ်ကြိမ်၊ ဧပြီ ၁၉ရက်မှ မေ ၄ရက်အထိ တစ်ကြိမ် ရန်ကုန်မြို့နှင့် မန္တလေးမြို့များ၌ တစ်ပြိုင်တည်း ဖွင့်လှစ်ပို့ချသွားမည်ဖြစ်သည်။

သင်တန်း၌ သင်ရိုးဘာသာရပ်များအပြင် စီမံခန့်ခွဲရေး၊ ကျောင်း/ရုံး လုပ်ငန်းများ အရည်အသွေး မြင့်မားစွာ လက်တွေ့ ဆောင်ရွက်နိုင်ရေးတို့ကို ဦးစားပေး ဆွေးနွေးပို့ချသွားမည် ဖြစ်သည်။

(သတင်းစဉ်)

ထူးခြားသည့် နေ့အပူချိန်

(၄-၄-၂၀၀၆)

မင်းဘူး

၄၁ ဒီဂရီစင်တီဂရိတ်
(၁၀၆ ဒီဂရီဖာရင်ဟိုက်)

ခေတ်ဟောင်းတေးရေးပညာရှင်ကြီးများ၏ တေးသီချင်းများနှင့်အတ္ထုပ္ပတ္တိမှတ်တမ်း စိစစ်ရေးကော်မတီညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် မေ ၄

ခေတ်ဟောင်းတေးရေး ပညာရှင်ကြီးများ၏ တေးသီချင်းများနှင့် အတ္ထုပ္ပတ္တိမှတ်တမ်း စိစစ်ရေးကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂နာရီတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ညှိနှိုင်းအစည်းအဝေးသို့ပြန်ကြားရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ ဂီတနှင့်စာပေ ပညာရှင်ကြီးများဖြစ်ကြသော ဗိုလ်ကလေးတင့်အောင်၊ ဂီတလုလင် ဦးကိုကို၊ ဝဏ္ဏကျော်ထင် ဦးစိန်မြမောင်၊ ဦးမြင့်ကြည်၊ အေဝမ်းစိုးမြင့်၊ ဦးမောင်မောင်လတ်၊ ဦးမင်းနောင်၊ ဦးလေးညွန့်၊ ဦးမောင်မောင်ကြီး၊ ဓနုဖြူစိုးသိန်း၊ ပျဉ်းမနားမြင့်လှိုင်၊ ဒေါ်ထား၊ ဦးတင်ဦးလေး၊ ကေတုဝင်းထွဋ်၊ ဦးထွန်းမြင့်၊ ရေနံ့သာဝင်းမောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး (ဂီတ) ဒေါ်တင်တင်မြက ဆောင်ရွက်သည်။

ရှေးဦးစွာ ခေတ်ဟောင်းတေးရေး ပညာရှင်ကြီးများ၏ တေးသီချင်းများနှင့် အတ္ထုပ္ပတ္တိမှတ်တမ်း စိစစ်ရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက အမှာစကားပြောကြားပြီး ကော်မတီ အတွင်းရေးမှူး ဦးကိုကိုထွေးက လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြ သည်။

ဆက်လက်၍ တေးသီချင်းစာအုပ်ထုတ်ဝေရေး ကော်မတီကိုယ်စား အဖွဲ့ခေါင်းဆောင် ဗိုလ်ကလေးတင့်အောင်က လည်းကောင်း၊ ဆရာကြီးဦးဂုဏ်ဘဏ်၏ ရေဒီယိုဟောပြောချက်များ စာအုပ်ထုတ်ဝေရေးအဖွဲ့ ကိုယ်စားအဖွဲ့ဝင် ဆရာကြီး ဦးမြင့်ကြည်က လည်းကောင်း၊ ခေတ်ဟောင်း၊ ကာလပေါ်တေးသီချင်း စာအုပ်ထုတ်ဝေရေး ကော်မတီကိုယ်စား အဖွဲ့ခေါင်းဆောင် ဦးမင်းနောင်က လည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

ထို့နောက်တက်ရောက်လာသူများက ဆွေးနွေးတင်ပြကြပြီး ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းပေးကာ နိဂုံးချုပ် အမှာစကားပြောကြားပြီး ညှိနှိုင်းအစည်းအဝေးကို ညနေ ၄နာရီ၁၀မိနစ်တွင် ကျင်းပပြီးစီးသည်။ (သတင်းစဉ်)

ရှင်အပါး ၅၀၀ ရှင်ပြုပွဲ ကျင်းပ

ရန်ကုန် မေ ၄

ပဲခူးတိုင်း၊ ဒိုက်ဦးမြို့နယ်၊ ကန်တော်မင်္ဂလာ ပရဟိတကျောင်းတိုက်၌ မေ ၂ ရက်က ရှင်လောင်းအပါး ၅၀၀ ရှင်ပြုပွဲနှင့် ရဟန်းခံ၊ သိက္ခာထပ်ပွဲ၊ ဓိဝိတဒါန ဆေးအလှူတော် မင်္ဂလာပွဲကို အလှူဒါယကာ ဦးမြတ်သင်းအောင် (အောင်အောင် အင်တာပရိုက်စ် လီမိတက်)၊ အလှူ ဒါယိကာမ သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်မြင့်မြင့် (လူမှုထူးချွန်ပထမဆင့်)၊ သားသမီးမြေး တစ်စုတို့က ပစ္စည်းလေးပါး ဒါယကာ ကျင်းပရာ အလှူမင်္ဂလာပွဲတွင် သံဃာတော်များအား သင်္ကန်း အစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ အနုမောဒနာ တရားတော်နာ ရေစက်ချအမျှပေးဝေသည်။

ထို့နောက် ကန်တော်မင်္ဂလာကျောင်းတိုက်အတွင်းသို့ လာရောက်ကြသော ကျားမ မရွေး လူကြီးလူငယ်တို့အား တစ်နေကုန် ဆေးကုသပေးပြီး ဆေးဝါးများ လှူဒါန်းသည်။

(သတင်းစဉ်)

အလှူဒါယကာ ဦးမြတ်သင်းအောင်နှင့် အလှူဒါယိကာမ သီရိသုဓမ္မသိင်္ဂီဒေါ်ခင်မြင့်မြင့်၊ သားသမီးမြေးတစ်စုတို့က ပဲခူးတိုင်း ဒိုက်ဦးမြို့နယ် ကန်တော်မင်္ဂလာဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။ (သာသနာရေး)

နိကာယ်စာမေးပွဲ ကျင်းပမည်

ရန်ကုန် မေ ၄

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက နှစ်စဉ်ကျင်းပမြဲဖြစ်သော နိကာယ်စာမေးပွဲကို ဇွန် ၁၂ရက်မှ ဇွန် ၁၆ရက်အထိ သတ်မှတ်ထားသည့် စာဖြေဌာနများ၌ တစ်ပြိုင်နက်တည်း ကျင်းပမည်ဖြစ်သည်။

စာမေးပွဲကျင်းပရက်ငါးရက်အတွင်း သတ်မှတ်ထားသော အုပ်စု အသီးသီးတွင် ပါဝင်သော ပြဋ္ဌာန်းချက်ကျမ်းစဉ်များအလိုက် နေ့စဉ် မွန်းလွဲ ၁နာရီမှ ညနေ ၅နာရီအထိ ဖြေဆိုခွင့်ပြုမည်ဖြစ်သည်။

စာမေးပွဲ အချိန်စာရင်းများကို သက်ဆိုင်ရာ မြို့နယ် သံဃနာယက အဖွဲ့များသို့ ဆက်လက်ပေးပို့မည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

ဆိပ်ဖြူနှင့်ပေါက် အိမ်တွင်းမှုသင်တန်းကျောင်း အခြေခံစက်ချုပ်သင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် မေ ၄

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဆိပ်ဖြူမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း အခြေခံ စက်ချုပ်သင်တန်း အမှတ်စဉ် (၁) ဆင်းပွဲအခမ်းအနားကို မတ်၃၁ရက် နံနက်က သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာပညာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်ဝင်းက သင်တန်းဆင်း အမှာစကားပြောကြားသည်။ ထို့နောက် ညွှန်ကြားရေးမှူး ဦးအောင်စိုးက သင်တန်းထူးချွန်ဆုရ သင်တန်းသူတစ်ဦးအား သင်တန်းထူးချွန်ဆု ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်ဝင်းသည် ပေါက်မြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းခန်းမ၌ ကျင်းပသော အခြေခံစက်ချုပ်သင်တန်း အမှတ်စဉ်(၁) သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။

သင်တန်းသို့ ပေါက်မြို့ပေါ်နှင့် မြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသူ ၅၀ တက်ရောက်ကြောင်းနှင့် သင်တန်းဆင်း သင်တန်းသူများအား ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ ထူထောင်နိုင်ရန် ဝန်ကြီးဌာန အစီအစဉ်ဖြင့် အပ်ချုပ်စက်များကို သက်သာသောဈေးနှုန်းဖြင့် တစ်နှစ်ဆိုင်း အရစ်ကျစနစ်ဖြင့် ရောင်းချပေးခဲ့သည်။

(သတင်းစဉ်)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် မင်္ဂလာဒုံမြို့နယ်၊ အနန်းပင်ရပ်ကွက်၊ ကျန်စစ်သားလမ်းနေ ကွယ်လွန်သူ နှစ်ဖက်မိဘများနှင့် ဒုအရာခံဗိုလ်တင်ဖေ (တပ်မတော်-လေ)အား ရည်စူး၍ ဒေါ်ခင်အေး မိသားစုက ငွေကျပ် ၁၂၀၀၀၀ကို အတွင်းရေးမှူး ဦးမောင်မောင်မြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ကုန်သည်စက်မှုလုပ်ငန်းရှင်များ အသင်းချုပ်သို့ ဂျပန်ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံဆွေးနွေး

ရန်ကုန် မေ ၄

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဇော်မင်းဝင်း၊ ဦးအောင်လွင်၊ အကြံပေးပုဂ္ဂိုလ် ဒေါက်တာကျော်ထင်၊ အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်နှင့် ဖိတ်ကြားထားသော စက်မှုလုပ်ငန်းရှင်များအား မတ် ၂၉ရက် မွန်းလွဲပိုင်းတွင် ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ (Asia Productivity Organization)မှ ညွှန်ကြားရေးမှူးဖြစ်သူ Mr. Augustine Koh ခေါင်းဆောင်သော အဖွဲ့ဝင်သုံးဦးပါ ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံပြီးနောက် မဟာမဲခေါင်ဒေသတွင်းရှိ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် စွမ်းအင်ထုတ်လုပ်သုံးစွဲမှု ဆိုင်ရာနှင့်စပ်လျဉ်း၍ စီမံချက်ပြုစုရေးကိစ္စ၊ မဲခေါင်ဒေသ အဖွဲ့ဝင် ငါးနိုင်ငံမှ ကိုယ်စားလှယ်ငါးဦးစီ တက်ရောက်နိုင်ခွင့်ရှိမည့် ဒေသဆိုင်ရာသင်တန်းတစ်ခုကို ထိုင်းနိုင်ငံတွင် ကျင်းပရန်ကိစ္စနှင့် သက်ဆိုင်ရာနိုင်ငံများတွင် National Seminar များကို ပြန်လည်ကျင်းပရန်ကိစ္စတို့ကို ရင်းနှီးစွာဆွေးနွေးကြသည်။

(သတင်းစဉ်)

ထူးထူးခြားခြား အင်တာနက်သတင်း

မာဒါဂါးစကား ကျွန်းတွင် တွေ့ရှိရသည့် ဦးခေါင်းနှစ်လုံးပါ ပင်လယ်လိပ်တစ်ကောင်ကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*



ဦးခေါင်းနှစ်လုံးပါ ပင်လယ်လိပ် တရုတ်လူမျိုးတစ်ဦး မွေးမြူထား

ကွင်တောင် မေ ၄

တရုတ်နိုင်ငံ ကွင်တောင်မြို့ရှိ စီးပွားရေး လုပ်ငန်းရှင်တစ်ဦးသည် ဦးခေါင်းနှစ်လုံးပါ ပင်လယ်လိပ်တစ်ကောင်ကို မွေးမြူထားကြောင်း မေ ၄ရက် အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြသည်။

သိပ္ပံပညာရှင်များသည် မကြာသေးမီက မာဒါဂါးစကားကျွန်းတွင် ဦးခေါင်းနှစ်လုံးပါ ပင်လယ်လိပ်ကြီးတစ်ကောင်ကို ရှာဖွေတွေ့ရှိခဲ့သည်။

တရုတ်နိုင်ငံ ကွင်တောင်မြို့ရှိ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးသည် ဦးခေါင်းနှစ်လုံးပါ ပင်လယ်လိပ်ကို ဈေးတစ်ဈေးမှ ဝယ်ယူရရှိခဲ့သည်။

စားသောက်နိုင်

ဦးခေါင်းနှစ်လုံးပါ ပင်လယ်လိပ်သည် ရှားပါးလှသည့်သတ္တဝါတစ်ကောင်ပင်ဖြစ်သည်။ အဆိုပါပင်လယ်လိပ်၏ ဦးခေါင်းနှစ်လုံးစလုံးသည် ပင်ကိုသဘာဝအတိုင်းဆောင်ရွက်နိုင်ပြီး အစာကို တစ်ပြိုင်တည်း စားသောက်နိုင်စွမ်းရှိသည်။ ထူးဆန်းသောလိပ်အဖြစ်သို့ အကောင်ပေါက်လာခြင်းမရှိမီ ဥဘဝမှာပင် ဦးခေါင်းနှစ်လုံး တစ်စစဖွံ့စည်းဖြစ်ပေါ်သည့် ခန္ဓာဗေဒဖြစ်စဉ် ပေါ်ပေါက်ခဲ့သည်ဟု ဇီဝပညာရှင်များက ယူဆသည်။

ယင်းလိပ်ဖြစ်လာမည့် သန္ဓေသားလောင်းသည် နှစ်ပိုင်းအဖြစ်သို့ ပြိုကွဲခဲ့သော်လည်း ကွင်းလုံးကျွတ်ပြိုကွဲမှု ဖြစ်ပေါ်ခြင်းမရှိသဖြင့် ဦးခေါင်းနှစ်လုံး ဖွံ့စည်းပေါ်ပေါက်လာခဲ့ကြောင်း၊ ယင်းမှာ အမြွှာကလေးများကိုဖြစ်ပေါ်စေသည့် ဇီဝလုပ်ငန်းစဉ်အတိုင်းပင် ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းစာတစ်စောင်၌ ရေးသားဖော်ပြသည်။

ငါးများ၊ မြွေများ၊ ကြွက်များနှင့် နွားများတွင်လည်း သန္ဓေသားလောင်း ပြိုကွဲမှုဖြစ်စဉ်ကြောင့် ဦးခေါင်းနှစ်လုံးပါရှိသည့် သတ္တဝါများ ဖြစ်ပေါ်လာလေ့ရှိသည်။

အလားတူပင် လူ့သန္ဓေသားလောင်း၌လည်း ကိုယ်ချင်းဆက်အမြွှာ ဦးခေါင်းချင်းဆက် အမြွှာများ မွေးဖွားနိုင်သည်။

အင်တာနက်။

တရုတ်လူမျိုး စီးပွားရေး လုပ်ငန်းရှင်တစ်ဦး မွေးမြူထားသည့် ဦးခေါင်းနှစ်လုံးပါ ပင်လယ်လိပ်တစ်ကောင်ကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

▲ **ရှေ့ဖုံးမှ**

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၂နာရီတွင် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် တာဝန်ရှိသူများနှင့်အတူ ကျိုင်းတုံ-ကတ်တောင်လမ်းရှိ ယန်းလောကွင်း၌ ကျင်းပသည့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ၂၀၀၅-၂၀၀၆ ခုနှစ် နွေစပါးစိုက် တောင်သူများနှင့် တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်ရာ အစီအစဉ်အရ မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးအေးသိန်းက ၂၀၀၅-၂၀၀၆ ခုနှစ်အတွင်း ရှမ်းပြည်နယ်(အရှေ့ပိုင်း) နွေစပါး စိုက်ပျိုးပြီးစီးမှု အခြေအနေများကို ဇယားကားချပ်များဖြင့် ရှင်းလင်း တင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က ပြည်နယ်အတွင်း ဒေသဝမ်းစာ ဖူလုံရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ထို့နောက် ကတ်တောင်ကျေးရွာအုပ်စုမှ တောင်သူ ဦးစိုင်းလုံကွီနှင့် ယန်းလောကျေးရွာအုပ်စုမှ တောင်သူ ဦးစိုင်းတွီတို့က စိုက်ပျိုးရေ ရရှိရေး ဆောင်ရွက်မှုနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ရှမ်းပြည်နယ် ရဲတပ်ဖွဲ့က စိုက်ပျိုးထားသော ကြက်ဆူပင်ပျိုးခြံကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ဝါယမစိုက်ကြိုးပမ်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ပြည်နယ်အတွင်း ဒေသဝမ်းစာဖူလုံရေးကို အထူးဝါယမ စိုက်ထုတ်ကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း၊ နိုင်ငံတော်က သတ်မှတ်ပေးထားသော စပါးစိုက်ဧကလေးသိန်း ပြည့်မီအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများက တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြစေ လိုကြောင်းဖြင့် ရှင်းလင်းမှာကြားသည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် နွေစပါး စိုက်ခင်းများအတွင်း ဘိုင်အိုကွန်ပိုဇာ မြေဩဇာများ ကြဲပက်နေမှုများကို ကြည့်ရှုအားပေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက နွေစပါး စိုက် တောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကာ စိုက်ပျိုးရေးဆိုင်ရာ လိုအပ်ချက်များကို ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၌ ၂၀၀၅-၂၀၀၆ခုနှစ် နွေစပါးစိုက်ပျိုးပြီးစီးမှုမှာ ကျိုင်းတုံခရိုင်၌ စုစုပေါင်း ၁၂၂၉၈ ဧက၊ မိုင်းဆတ်ခရိုင်၌ စုစုပေါင်းဧက ၃၁၅၀၊ မိုင်းဖြတ်ခရိုင်၌ စုစုပေါင်း ၈၄၃၁ ဧကနှင့် တာချီလိတ်ခရိုင်၌ ၂၂၃၈ ဧက စုစုပေါင်း ၂၆၁၁၇ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်းနှင့် ယခင်နှစ်ကထက် ၆၁၄၂ ဧက တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် အဖွဲ့သည် ယန်းလော-ကတ်တောင်-ကတ်တိုက်၊ ကထော်-ဝမ်လုံကျေးရွာချင်းဆက် ကျောက်ချောလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် နွေစပါး စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းမှု အခြေအနေကိုလည်းကောင်း၊ ကျိုင်းတုံနှင့် တာချီလိတ်အကြား မိုင်းဇင်းနှင့် ပန်ကွဲဒေသ၌ စက်မှုကုန်ကြမ်းသီးနှံ ရော်ဘာဧက ၃၀၀ စိုက်ပျိုးနိုင်ရေးအတွက် ကျိုင်းဖောင်းကျေးရွာအနီး၌ ပြည်နယ်ရဲတပ်ဖွဲ့က စိုက်ပျိုးထားသော ကြက်ဆူပင်ပျိုးခြံ၌ ရော်ဘာပင် ၈၀၀၀၀ နှင့် ခြံစည်းရိုးကြက်ဆူပျိုးပင် ၈၀၀၀၀ ပျိုးထောင်ထားရှိမှုကို လည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ကျိုင်းတုံမြို့နယ် ဝါးခုတ်မြို့သစ်ရှိ ပြည်နယ်အားကစားကွင်းကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

မှာကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့်အဖွဲ့သည် ကျေးရွာချင်းဆက် ကျောက်ချောလမ်းအတိုင်း ဆက်လက်ထွက်ခွာ၍ ကျိုင်းတုံမြို့နယ် ဝါးခုတ်မြို့သစ်ရှိ ပြည်နယ်အားကစားကွင်းသို့ ရောက်ရှိရာ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် ပြည်နယ်အားကစားနှင့် ကာယပညာ ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးအောင်တို့က အားကစားကွင်း ပြုပြင်ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ပြည်နယ်အားကစားကွင်းမှာ ကွင်းအကျယ် ၁၇ ဒသမ ၀၈ ဧကရှိပြီး အရှေ့ဘက်၌ ပေ ၈၄၀၊ အနောက်ဘက်၌ ၉၉၂ ပေ၊ တောင်ဘက်၌ ၈၄၈ ပေ၊ မြောက်ဘက်၌ ၈၀၂ ပေ အသီးသီးရှိ၍ နိုင်ငံတော်က ငွေကျပ် ၂၉၁ သိန်းကျော်နှင့် ပြည်သူများ လှူဒါန်းငွေကျပ်သိန်း ၁၀၀ တို့ဖြင့် အကုန်အကျခံ တည်ဆောက်ခဲ့ကြောင်းနှင့် အားကစားကွင်း အထူးတန်း ပင်မဆောင်မှာ အလျားပေ ၁၀၀၊ အနံ ၃၆ပေ၊ အမြင့် ၃၇ပေရှိပြီး လူဦးရေ ၃၅၀၀ ဆံ့ အားကစားကွင်းကြီးဖြစ်သည်။ (သတင်းစဉ်)

❍ **ဆီးနှင်းခဲသဖွယ်မှ**

ပစိဖိတ်သမုဒ္ဒရာတောင်ပိုင်းတွင် ကျက်စားသည့် ယင်းကဏန်း၏ ခြေလက်များပေါ်၌ အုပ်မိုးထားသည့် ဆံကေသာကဲ့သော ကြိုးမျှင်များကို ကဏန်းကောင်က မည်သို့ အသုံးချသနည်းဟူသောအချက်မှာ မိမိတို့အတွက် ပဟေဠိပုစ္ဆာတစ်ခုဖြစ်ကြောင်း ဆီဂွန်ဇက်က ပြောကြားသည်။

ကဏန်းကောင်၏ အမျှင်များသည် ဘက်တီးရီးယားပိုးမွှားများကို ထောင်ဖမ်းရာတွင် အသုံးပြုနိုင်ဖွယ်ရှိကြောင်း၊ ကဏန်းကောင်သည် ဘက်တီးရီးယားပိုးမွှားများကို စားသောက်ဖွယ်ရှိကြောင်း၊ သို့တည်းမဟုတ် ယင်းအမျှင်များသည် ပင်လယ်ရေနက်ပိုင်းရှိ ရေအောက်အခိုးအငွေ့ ထွက်ပေါက်များမှ မှုတ်ထုတ်သော သတ္တုဓာတ်ပါဝင်သည့် ရေအတွင်းရှိ အဆိပ်အတောက်ဖြစ်စေနိုင်သည့်ဓာတ်များကို စစ်ထုတ်နိုင်ရန် အသုံးပြုဖွယ်ရှိကြောင်း ဆီဂွန်ဇက်က ပြောကြားသည်။ **အင်တာနက်**



ပစိဖိတ်သမုဒ္ဒရာတောင်ပိုင်းတွင် ကျက်စားသော အလွန်နူးညံ့သည့် အမျှင်များပါရှိသည့် ကဏန်းတစ်ကောင်ကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ကန်ပက်လက်မြို့နယ် ကျင်ခွေးကျေးရွာ ရေဒီယိုကြေးနန်းရုံးဖွင့်ပွဲ ကျင်းပ

နေပြည်တော်မြို့တော် ဧပြီ ၄

ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးဆန်းအောင်သည် မင်းတပ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဖေသိန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဧပြီ ၁ ရက် နံနက် ၁၀ နာရီတွင် ကန်ပက်လက်မြို့နယ် ကျင်ခွေးကျေးရွာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းရုံး၌ ကျင်းပသည့် ရေဒီယိုကြေးနန်းရုံးဖွင့်ပွဲသို့ တက်ရောက်၍ ရုံးသစ်ကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ဗိုလ်မှူးကြီးဆန်းအောင်သည် ကျင်ခွေးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ကျင်းပသည့် ကွန်ပျူတာနှင့် မီးစက်လှူဒါန်းပွဲသို့ တက်ရောက်၍ အဆိုပါကျောင်းခွဲအတွက် ကွန်ပျူတာနှစ်လုံးကို ကျောင်းအုပ်ဆရာမကြီးထံသို့လည်းကောင်း၊ ကျေးရွာတိုက်နယ်ဆေးရုံအတွက် ၁-ကေဗွီအေ မီးစက်တစ်လုံးကို တိုက်နယ်ဆရာဝန်ထံသို့လည်းကောင်း အသီးသီး ပေးအပ်လှူဒါန်းခဲ့သည်။ (သတင်းစဉ်)

အမှာစကားပြောကြား

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း သင်းလုံးကျွတ်အစည်းအဝေးကို ဧပြီ ၂ ရက်က Hotel Nikko Royal Lake တွင် ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးခင်ဇော် အဖွင့်အမှာစကား ပြောကြားစဉ်။ (က-ပ)



❐ ရန်ကုန်မြစ်ကြောင်းမှ

ဝန်ကြီးက စက်သုံးဆီ အလေအလွင့် မရှိစေရေးနှင့် ထိရောက်စွာ သောင်တူးဖော်ရေးတို့ကို ကြပ်မတ်ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့မှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ရေယာဉ်ဖြင့် ရန်ကုန်မြစ်ကြောင်းတစ်လျှောက် ဆိပ်ကမ်းသာယာလှပရေး ဆောင်ရွက်ထားမှုများကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အမှတ်(၃) ဗိုလ်အောင်ကျော် ကုန်သေတ္တာတံတားရှိ ကုန်ပစ္စည်းများ တင်/ချ ပြုလုပ်နေမှုများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။ ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။

(သတင်းစဉ်)

➪ သမဝါယမဝန်ကြီးမှ

ယင်းနောက် ဝန်ကြီးသည် မြို့နယ်သမဝါယမဦးစီးဌာန၏ ခြံစည်းရိုးကြက်ဆူပျိုးပင် ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် ညောင်ဦးမြို့ရှိ ယွန်းအတတ်ပညာသင် ကောလိပ်ခန်းမ၌ ဆရာ ဆရာမများ၊ ညောင်ဦးမြို့နယ် သမဝါယမဦးစီးဌာန ဝန်ထမ်းများနှင့် တွေ့ဆုံရာတွင် ကောလိပ်ကျောင်းအုပ်ကြီးက ကျောင်း၏အခြေအနေနှင့် လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြသည်။ မြို့နယ်သမဝါယမ ဦးစီးမှူးကလည်း ဌာန၏လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဝန်ကြီးက ဆရာ ဆရာမများသည် ယွန်းပညာရပ်ကို ပိုမိုတိုးချဲ့လေ့လာရေးနှင့် ကျောင်းသားများကိုလည်း ပြင်ပယွန်းလုပ်ငန်းတွင် မြန်မာ့ရိုးရာစစ်စစ်ကို ခေတ်မီနည်းစနစ်များမှ ပေါင်းစပ်လုပ်ကိုင်နိုင်ရေး သင်ကြားပေးရန်၊ ကျောင်းပိတ်ရက်များတွင် ပုဂံညောင်ဦးရှိ ယွန်းလုပ်ငန်းများတွင် On Job Training တစ်လဆောင်ရွက်ပေးရန်၊ ကျောင်းသားများ စည်းကမ်း၊ စိတ်ဓာတ်ကောင်းစေရန် သင်ကြားရေးကိစ္စများ မှာကြားသည်။ သမဝါယမဦးစီးဌာန ဝန်ထမ်းများကိုလည်း သမဝါယမအသင်းများ၏ လုပ်ငန်းများ၊ ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက် ဆောင်ရွက်ရေးနှင့် ခြံစည်းရိုးကြက်ဆူပင်များ သတ်မှတ်ဧကပြည့်မီအောင် စိုက်ပျိုးရေးကိုလည်း အသေးစိတ် မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ယွန်းမြေတိုက်ခန်း ဆောင်ရွက်ထားရှိမှုနှင့်ကောလိပ်၏ယွန်းပစ္စည်းအရောင်းခန်းမတို့ကိုစစ်ဆေး၍ လိုအပ်ချက်များ မှာကြားဖြည့်ဆည်းပေးသည်။

ညနေပိုင်းတွင် ဝန်ကြီးသည် ရေနံချောင်းစက်မှုဇုန်သို့ ရောက်ရှိပြီး ရွှေနဂါးမော်တော်ဆိုင်ကယ်ထုတ်လုပ်ရေး စက်ရုံခန်းမ၌ ရေနံချောင်းစက်မှုဇုန်ရှိ စက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။ ရှေးဦးစွာ စက်မှုဇုန်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကြည်ထွန်းက စက်မှုဇုန်ဆောင်ရွက်နေမှုကို အသေးစိတ် ရှင်းလင်းတင်ပြပြီး စက်မှုလုပ်ငန်းရှင်များကလည်း ၎င်းတို့လုပ်ငန်းဆောင်ရွက်ချက်များနှင့် လိုအပ်ချက်များကိုတင်ပြရာ ဝန်ကြီးက တင်ပြချက်များနှင့်ပတ်သက်၍ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ရွှေနဂါး မော်တော်ဆိုင်ကယ်ထုတ်လုပ်ရေးစက်ရုံ၏ စက်အစိတ်အပိုင်းများ ထုတ်လုပ်ထားရှိမှု၊ စက်ပစ္စည်းများ အပြီးသတ် တပ်ဆင်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ စစ်ဆေး

ရန်ကုန် ဧပြီ ၄

ချင်းပြည်နယ် မင်းတပ်ခရိုင်နှင့် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ အခြားလူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ၏ စုပေါင်းခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲတော်ကို မတ် ၂၉ ရက် နံနက်ပိုင်းတွင် မင်းတပ်မြို့ မြို့နယ်အားကစားကွင်းအတွင်း၌ ကျင်းပရာ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးစန်းအောင်တို့တက်ရောက်ကြပြီး ခြံစည်းရိုးကြက်ဆူပင်ပျိုးကိုင်းနှင့် မျိုးစေ့များကို ပျိုးအိတ်များအတွင်း ထည့်သွင်းစိုက်ပျိုးပေးသည်။

ထို့မှတစ်ဆင့် တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင်တို့သည် မင်းတပ်မြို့နယ် ရွှေအောင်သာ-အောင်းကျေးရွာသို့ ဆက်သွယ်ထားသော လမ်းအရှည် ၃၆ မိုင် ၇ဖာလုံရှိ ခရိုင်ချင်းဆက် ဒေသဖွံ့ဖြိုးရေးကားလမ်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။ ထို့မှတစ်ဆင့် ဗဟို အလုပ်အမှုဆောင်သည် မင်းတပ်မြို့နယ် ဟီလောင်းစံပြကျေးရွာသို့ သွားရောက်ပြီး မင်းတပ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဆောင်ရွက်ထားရှိသော လက်ဖက်စိုက်ခင်းအခြေအနေကို ကြည့်ရှုပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန် စီမံဆောင်ရွက်သည်။ ထို့နောက် ကျေးရွာအတွင်း တည်ဆောက်ထားသော သောက်သုံးရေကန်နှင့် ကျေးရွာအတွင်း ပျိုးထောင်ထားရှိသော ကတ်တီမိုးနှင့် အာရဗီကာကော်ဖီ ပျိုးခင်းတို့ကို ဝင်ရောက်ကြည့်ရှုစစ်ဆေးသည်။

ဗဟိုအလုပ်အမှုဆောင်သည် မတ် ၃၀ရက် နံနက်ပိုင်းတွင် မင်းတပ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ မင်းတပ်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကျင်းပသော ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် အထောက်အကူပြုပစ္စည်းနှင့် ငွေများ ပေးအပ်လှူဒါန်းပွဲနှင့် သင်တန်းများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး အမှာစကားပြောကြားသည်။ ထို့မှတစ်ဆင့် မင်းတပ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း လက်ဖက်ဧက ၁၀၀ စိုက်ခင်းသို့ရောက်ရှိပြီး စိုက်ပျိုးထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဗဟိုအလုပ်အမှုဆောင်သည်မင်းတပ်မြို့မှ ကန်ပက်လက်မြို့သို့ ရောက်ရှိပြီး မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက စိုက်ပျိုးထားသော ဧက ၅၀လက်ဖက်စိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဒုတိယဝန်ကြီးသည် မတ် ၃၁ရက်တွင် ကန်ပက်လက်မြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု ဗဟိုကျောင်း၌ ကျင်းပသော သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုနှင့်ဇနီး ဒေါ်မြင့်မြင့်ရီတို့အား အမှူးထား၍ ရန်ကုန်မြို့ ရွှေဟောင်းသမိုင်းဝင် အိမ်တော်ရာစေတီ ဂေါပကအဖွဲ့ ဥက္ကဋ္ဌ သီရိသုဓမ္မမဏိဇောတရေ ဒေါက်တာမိုးတင်၊ ဇနီးဒေါက်တာ အိအိတင် မိသားစုတို့က ဗုဒ္ဓဘာသာအဆုံးအမခံယူပြီးသော တိုင်းရင်းသားမိသားစုများမှ ကလေးငယ် ၁၂၀ တို့အား ရဟန်းခံရှင်ပြု အလှူတော်မင်္ဂလာ အခမ်းအနားသို့ တက်ရောက်သည်။

ထို့နောက် အလှူရှင် သီရိသုဓမ္မမဏိဇောတရေ ဒေါက်တာမိုးတင်က ဆောက်လုပ်ဆဲ ကန်ပက်လက်မြို့ ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုကျောင်း ကျောင်းဆောင်သစ်ကြီးအတွက် အလှူငွေ ကျပ်ငါးသိန်းကို ဒုတိယဝန်ကြီးထံ ပေးအပ်လှူဒါန်းသည်။

အခမ်းအနားအပြီးတွင် ဒုတိယဝန်ကြီးသည် ကြွရောက်လာသော ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

ဒုတိယဝန်ကြီးသည် ဧပြီ ၁ရက် နံနက်ပိုင်းတွင် ပခုက္ကူမြို့ မဟာဝိဇယာရာမပဒ္ဓတက္ကသိုလ် (အရှေ့တိုက်)သို့ရောက်ရှိပြီး နိုင်ငံတော်ဩဝါဒါစရိယ သက်တော်ရှည်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမာလာလင်္ကာရအားဖူးမြော်ကြည်ညိုပြီးသာသနာရေးဆိုင်ရာများ လျှောက်ထားကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် သာသနာ့ဗိမာန်တော်ကြီးသို့ ရောက်ရှိပြီး ပထမပြန်စာမေးပွဲ ဖြေဆိုရန် ပြင်ဆင်ထားရှိမှု အခြေအနေအား ဝင်ရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအားမှာကြားသည်။ ထိုမှတစ်ဆင့် တောင်ဇလပ် လူငယ်ပျိုးခင်းသင်တန်းကျောင်းသို့ရောက်ရှိပြီး တာဝန်ခံဗိုလ်ကြီးမျိုးဝင်းအောင်က သင်တန်းကျောင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကိုမှာကြားကာ ကျောင်းဆောင်သစ်အတွင်း ဝင်ရောက်ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် တောင်ဇလပ် ထေရဝါဒဗုဒ္ဓ သာသနာပြုကျောင်းသို့ ရောက်ရှိပြီး ဆရာတော် သာသနာ့တက္ကသိုလ မဟာဓမ္မာစရိယ ဘဒ္ဒန္တစာရိတ္တအားလှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားခဲ့သည်။

(သတင်းစဉ်)

ထို့နောက် ဝန်ကြီးသည် မိတ်ဆွေသုံးဖော်သုံးဘီးဆိုင်ကယ် ထုတ်လုပ်ရေးလုပ်ငန်းစက်ရုံသို့ ရောက်ရှိပြီး သုံးဘီးဆိုင်ကယ်များ ထုတ်လုပ်ပြီးစီးနေမှု၊ ဆိုင်ကယ်စက်အစိတ်အပိုင်းများ ထုတ်လုပ်တပ်ဆင်နေမှု၊ စက်ရုံအတွင်း တန် ၃၀၀ ဖိစက်များ၊ ဆေးပေါင်းစက်များ တပ်ဆင်နေမှုများကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ မှာကြားသည်။

ရေနံချောင်းစက်မှုဇုန် ရွှေနဂါးမော်တော်ဆိုင်ကယ် ထုတ်လုပ်ရေးလုပ်ငန်းမှ ထုတ်လုပ်ပြီး မော်တော်ဆိုင်ကယ်စီးရေ ၄၁၁၃နှင့် ပြိုင်မြင်းသုံးဘီးဆိုင်ကယ် ထုတ်လုပ်ရေးလုပ်ငန်းမှ ထုတ်လုပ်ပြီး သုံးဘီးမော်တော်ဆိုင်ကယ် ၈၅၇စီး ထုတ်လုပ်ရောင်းချပြီးဖြစ်ကြောင်းသိရှိရသည်။

ဆက်လက်၍ ဝန်ကြီးသည် ရေနံချောင်းစက်မှုဇုန် ကြက်ဆူပင်ပျိုးခင်း၌ လူမှုရေးအဖွဲ့အစည်းများနှင့်အတူ ကြက်ဆူစေ့နှင့် ပျိုးကိုင်း ပျိုးထောင်စိုက်ပျိုးမှု အခမ်းအနားသို့ တက်ရောက်အားပေး စိုက်ပျိုးပြီးနောက် စက်မှုဇုန်ရှိ စက်မှုလုပ်သားများ၏ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာပေးအပ်ပွဲသို့ တက်ရောက်သည်။ အခမ်းအနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အထွေထွေအတွင်းရေးမှူး ဗိုလ်မှူးကြီး ဇော်မင်းက အဖွင့်အမှာစကားပြောကြားပြီးနောက် စက်မှုလုပ်ငန်းရှင် ဦးမောင်ထူးက စက်မှုလုပ်သားတို့၏ အဆိုပြုလွှာ ၅၀၇ စောင်ကို ပေးအပ်ရာ ရေနံချောင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်နိုင်ဝင်းက လက်ခံသည်။ ဆက်လက်၍ ရွှေနဂါး မော်တော်ဆိုင်ကယ်ထုတ်လုပ်ရေးစက်ရုံပိုင်ရှင် ဒေါ်ဝင်းမော်ထွန်းက အလှူငွေကျပ် ၁၀ သိန်း၊ ငွေစကြာ မော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်း အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်ကျော်စိုးက အလှူငွေကျပ် ငါးသိန်း၊ ပြိုင်မြင်းသုံးဘီးဆိုင်ကယ် ထုတ်လုပ်ရေးစက်ရုံ အုပ်ချုပ်မှုဒါရိုက်တာ ဦးမျိုးနိုင်က အလှူငွေကျပ်ငါးသိန်း၊ ရွှေဝါမြေ စိုက်ပျိုးထုတ်လုပ်မှုကုမ္ပဏီဒါရိုက်တာ ဦးသူရိန်က အလှူငွေကျပ်၁၀သိန်းတို့ကို လှူဒါန်းရာ မြို့နယ်အတွင်းရေးမှူး ဦးအောင်နိုင်ဝင်းက လက်ခံသည်။ ဆက်လက်၍ တွဲဖက်အထွေထွေ အတွင်းရေးမှူးသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ရေနံချောင်းစက်မှုဇုန်လုပ်သားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။

(သတင်းစဉ်)

● အာဆီယံမှ

အလားအလာရှိသူများနှင့်ပေါင်းစပ်ဖွဲ့စည်းထားကြောင်း၊ အသင်းမှ ကစားသမားများမှာ ဖူဆယ်ဥပဒေနားလည်လာ၍ လေ့ကျင့်ရတာပိုမိုလွယ်ကူလာကြောင်း၊ ပဏာမကစားသမား ၂၀စလုံး ဘောလုံးသမားများဖြစ်ပြီး ဘောလုံးအခြေခံရှိသူများဖြစ်၍ အသင်းကိုအထောက်အကူပြုကြောင်း၊ ပဏာမ ၂၀တွင် မျိုးလှိုင်ဝင်း၊ ထွန်းထွန်းထက်၊ ကျော်မင်း၊ မောင်မောင်ဋ္ဌေးစသည့်ဝါရင့်ကစားသမားများပါဝင်လာ၍ အသင်းအတွက်များစွာအကျိုးရှိကြောင်း၊ ယင်းသက်ကြီးဘောလုံးသမားများကို ကြံ့ခိုင်မှုကောင်းအောင် အခြားကစားသမားများထက် လေ့ကျင့်မှုပိုလုပ်ပေးနေကြောင်း၊ ဒါမှသာအသင်းက ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း။

ဖူဆယ်ကစားနည်းမှာ လျင်မြန်မှု၊ကျွမ်းကျင်မှုကောင်းပြီး ညီညီညွတ်ညွတ်ဖြင့် အတက်အဆင်း မှန်မှန်ကစားနိုင်လျှင် အကောင်းဆုံးဖြစ်ကြောင်း၊ အပြီးသတ် ၁၂ ဦးကို ဧပြီလနောက်ဆုံးပတ်ကျမှ ရွေးချယ်မည်ဖြစ်ကြောင်း၊ အသင်းအနေဖြင့် နိုင်ငံတကာပွဲမကစားဖူးသေး၍ ပြိုင်ပွဲတွင်အခက်အခဲတွေ့နိုင်ကြောင်း၊ အကောင်းဆုံးဖြစ်အောင်ကြိုးစားသွားမည်ဖြစ်ကြောင်း“ပြောကြားသွားသည်။

လေ့ကျင့်နေသော ပဏာမကစားသမား ၂၀မှာ ဂိုးသမား-အောင်အောင်ဦး(ဘဏ္ဍာ/အခွန်)၊ အောင်ဇော်မျိုး(မြို့တော်စည်ပင်)၊ ကိုကိုအောင်(တံခွန်)၊ မျိုးလှိုင်ဝင်း(ဘဏ္ဍာ/အခွန်)၊ မောင်မောင်ဋ္ဌေး (မြို့တော်စည်ပင်)၊ ကျော်မင်း(ဆောက်လုပ်ရေး)၊ မောင်မောင်မြင့် (Youth Devil)၊ ထွန်းထွန်းထက်(ဘဏ္ဍာ/အခွန်)၊ တင့်နိုင်ထွန်းသိန်း(မြို့တော်စည်ပင်)၊ စိုးသီဟအောင် (ဆောက်လုပ်ရေး)၊ ချစ်ဝေဖြိုး(စမ်းချောင်းလူငယ်)၊ ကျော်ဒွန်း (Youth Devil)၊ ခင်မောင်ထွန်း(ဘဏ္ဍာ/အခွန်)၊ ညွန့်ဝင်း(မြို့တော်စည်ပင်)၊ ကျော်စိုး(စမ်းချောင်းလူငယ်)၊ ကျော်ဇင်ညွန့်(ဆောက်လုပ်ရေး)၊ တင်မင်းထွန်း (Youth Devil)၊ သန်းထိုက်(စမ်းချောင်းလူငယ်)၊ သန်းဝဏ္ဏအောင်(မြို့တော်စည်ပင်)နှင့်ထွန်းထွန်းဝင်း (စမ်းချောင်းလူငယ်)တို့ဖြစ်ကြသည်။

(ကြေးမုံ)

အာဆီယံတံခွန်စိုက် ဖူဆယ်ဘောလုံးပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည့် ပဏာမမြန်မာ့လက်ရွေးစင် ဖူဆယ်ဘောလုံးအသင်း နည်းပြဆရာ ဦးအေးမောင်လေး သင်ကြားနေစဉ်။

ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

နှစ်ကျိုပ်ရှစ်ဆူ ဒေသစာရီကြွချီမည်

ရန်ကုန် ဧပြီ ၄

နှစ်စဉ်ကျင်းပမြဲဖြစ်သော ပုဇွန်တောင်မြို့နယ် (၆)ရပ်ကွက် (တပ်မြေ) မိသားစု၏ နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်များ (၃၈)ကြိမ်မြောက်ဒေသစာရီကြွချီပွဲကို ကျင်းပမည်ဖြစ်ရာ မြန်မာနှစ်ဆန်းတစ်ရက် (ဧပြီ ၁၇ရက်)တွင် ပုဇွန်တောင်မြို့နယ် (၆)ရပ်ကွက်နှင့်တောင်လုံးပြန်ရပ်ကွက်၊ နှစ်ဆန်း ၂ ရက် (ဧပြီ ၁၈ ရက်)တွင် အမှတ်- ၂၊ ၃၊ ၄၊ ၅ ရပ်ကွက်များ၊ နှစ်ဆန်း ၃ ရက် (ဧပြီ ၁၉ ရက်)တွင် အမှတ်- ၇၊ ၈၊ ၉ ရပ်ကွက်များနှင့် ကျီတော်ရပ်ကွက်၊ နှစ်ဆန်း ၄ ရက် (ဧပြီ ၂၀ ရက်)တွင် (၁)ရပ်ကွက်နှင့် (၁၀)ရပ်ကွက်များသို့ လှည့်လည်၍ အပူဇော်ခံမည် ဖြစ်ကြောင်းသိရသည်။ (က-ပ)

နှစ်ဆန်းတစ်ရက်တွင် ဇီဝိတဒါနငါးလွှတ်နိုင်ရန် ငါးသားပေါက်များ ရောင်းချမည်

ရန်ကုန် ဧပြီ ၄

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန ရန်ကုန်တိုင်း ငါးလုပ်ငန်းစခန်း(လေးဒေါင့်ကန်စခန်း)နှင့် (လှော်ကားစခန်း)တို့မှ ဧပြီ ၁၇ ရက် မြန်မာနှစ်ဆန်းတစ်ရက်တွင် ပြည်သူများ ဇီဝိတဒါနငါးလွှတ်နိုင်ရန်အတွက် ကမ္ဘာအေးကုန်းမြေ မင်္ဂလာကန်တော်ကြီး၊ ရွှေပြည်သာမြို့နယ် သာစုကန်ဘုရား၊ ဗဟန်းမြို့နယ် ရွှေတိဂုံဘုရား သွေးဆေးကန်နှင့် ကန်တော်ကြီးရေချိုငါးဥယျာဉ်တို့၌ ရွှေဝါငါးကြင်း၊ ငါးခုံးမကြီး၊ ငါးမြစ်ချင်း၊ ငါးတန်၊ တီလားပီးယား စသည့် ငါးသားပေါက်များကို ရောင်းချပေးသွားမည်ဖြစ်ပြီး အဆိုပါငါးသားပေါက်များကို ကောင်ရေ ၃၀၀၀နှင့်အထက် ကြိုတင်မှာယူလိုသူများအတွက် ဖုန်း-၇၀၈၅၁၉၊ ၆၃၅၁၉၆ ၆၁၁၂၀ ၅၅၅၆၁၃ တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၅-၄-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

(၁၃၆၇ခုနှစ်၊နှောင်းတန်ခူးလဆန်း(၈)ရက်

(ဥပုသ်နေ့)

နံနက်ပိုင်း

၇:၀၀	၁။	**ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာ ဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇:၅၀	၅။	အတီးပြိုင်ပွဲ
၈:၀၀	၆။	ပေါင်းလောင်း ရေလှောင်တမံနှင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံ
၈:၀၅	၇။	အဆိုပြိုင်ပွဲ
၈:၁၅	၈။	သကြိုန်အဆိုအကများ
၈:၃၀	၉။	International News.
၈:၄၅	၁၀။	Let's Go.
၉:၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀	၃။	တေးဂီတအစီအစဉ်
၄:၄၀	၄။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၄:၅၅	၅။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာ တေးသံသာ
၅:၀၅	၆။	အတီးပြိုင်ပွဲ
၅:၁၀	၇။	သီချင်းကြီးပဒေသာ
၅:၂၀	၈။	မြန်မာစာ၊မြန်မာစကား
၅:၃၀	၉။	**“အနိုင်အရှုံး” (ပိစိ၊ကောင်းမြတ်) (ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ)**
၅:၃၅	၁၀။	ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၅:၄၅	၁၁။	ခါသကြိုန်အဆိုအကများ
၆:၀၀	၁၂။	ညနေခင်းသတင်း
၆:၃၀	၁၃။	မိုးလေဝသအခြေအနေ
၆:၃၅	၁၄။	သုတစုံလင်ရွှေညဏ်ရှင်
၇:၀၅	၁၅။	**ပျော်ပျော်ရွှင်ရွှင်ဆင်ယင်နွှဲ ၂၀၀၆ခုနှစ် မြန်မာ့ရိုးရာ ခြင်းလုံးခတ်ပြိုင်ပွဲ (အပိုင်း-၂)**
၇:၂၀	၁၆။	ခါသကြိုန်အဆိုအကများ
၇:၃၅	၁၇။	တေးဂီတအစီအစဉ်
၇:၄၅	၁၈။	ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
၈:၀၀	၁၉။	ပြည်တွင်းသတင်း
	၂၀။	နိုင်ငံတကာသတင်းများ
	၂၁။	မိုးလေဝသအခြေအနေ
	၂၂။	**၂၀၀၅-၂၀၀၆ခု ပညာသင်နှစ် ရန်ကုန်ပန်တျာကျောင်း သင်တန်းဆင်းဖျော်ဖြေမှု အစီအစဉ်**
	၂၃။	**မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွင်းများခြင်းတရားတော်**
	၂၄။	နောက်တစ်နေ့အစီအစဉ်
	၂၅။	အစီအစဉ်ပြီး၏။

ကြက်ငှက်သေဆုံးမှုသတင်းပေးပို့မှုနှင့်စပ်လျဉ်း၍ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ရောဂါရှာဖွေစစ်ဆေးမှုများပြုလုပ်ပြီး ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ အထူးကြပ်မတ်ဆောင်ရွက်လျက်ရှိ

ရန်ကုန် ဧပြီ ၄

မြန်မာပြည်အလယ်ပိုင်း စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းဒေသအချို့တွင် ကြက်ငှက်သေဆုံးမှုနှင့်ပတ်သက်၍ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းဆောင်ရွက်လျက်ရှိသည့်ကာလ မတ်လပထမပတ်မှ ဧပြီ ၂ ရက်အတွင်း အနယ်နယ်အရပ်ရပ်မှ သေဆုံးခဲ့သည့် ကြက်၊ ခို၊ ကျီး၊ စာ စသောသေဆုံးမှု သတင်းများနှင့်အတူ အသေကောင်များကို ရန်ကုန်ဗဟိုတိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်းနှင့် မန္တလေးဒေသဆိုင်ရာ တိရစ္ဆာန်ရောဂါရှာဖွေရေး ဓာတ်ခွဲခန်းများမှ လက်ခံ၍ ရောဂါရှာဖွေစစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။

ရန်ကုန်တိုင်းအတွင်း စမ်းချောင်းမြို့နယ်၊ လှည်းကူးမြို့နယ်၊ တွံတေးမြို့နယ်၊ အင်းစိန်မြို့နယ်၊ သာကေတမြို့နယ်၊ လှိုင်သာယာမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်၊ ကျောက်တန်းမြို့နယ်နှင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တို့မှ ကြက်၊ ခို၊ ကျီး၊ စာ သေဆုံးမှုဖြစ်စဉ် ၂၀ရှိကြောင်း၊ အသေကောင်နမူနာများကို ချက်ချင်းအဖြေသိစစ်ဆေးနည်း (Rapid Test)၊ သွေးစုကပ်စစ်ဆေးနည်း (HA Test) ၊ သွေးစုကပ်ဟန့်တားမှုစစ်ဆေးနည်း (HI Test) တို့ဖြင့် စစ်ဆေးရာတွင် ကြက်ငှက်တုပ်ကွေးရောဂါပိုး မတွေ့ရှိရကြောင်း သိရှိရသည်။

ထို့အတူ မန္တလေးတိုင်းအတွင်း မြင်းခြံမြို့နယ်၊ မြောင်မြို့နယ်၊ တောင်သာမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်တို့ရှိ ကြက်ခြံငါးခြံ၌ ကြက်သေဆုံးမှုဖြစ်စဉ်များအရ ကြက်အသေကောင်နှင့် ခိုအသေကောင်တို့ကို မန္တလေးဒေသဆိုင်ရာ တိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်းသို့ ပေးပို့လာရာတွင် အထက်ပါစစ်ဆေးနည်းများအတိုင်း စစ်ဆေးရာ မဟာအောင်မြေမြို့နယ်ရှိ ကြက်ကောင်ရေ ၆၃၀ မွေးမြူထားသော ကြက်ခြံတစ်ခြံ၌ ကြက်ငှက်တုပ်ကွေးရောဂါ ဗိုင်းရပ်(စ်)ပိုး စစ်ဆေးတွေ့ရှိရပြီး ကျန်ဖြစ်စဉ်ဖြစ်ပွားသည့် မြို့နယ်များ၌ ကြက်ငှက်တုပ်ကွေးရောဂါပိုး မတွေ့ရှိရဘဲ ကြက်ငှက်တုပ်ကွေးရောဂါပိုးတွေ့ရှိသည့် မဟာအောင်မြေမြို့နယ်ရှိ ကြက်ခြံမှ ကြက်များကို ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် သုတ်သင်ဖျက်ဆီးခြင်း၊ မြေမြှုပ်ခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်းတို့ ပြုလုပ်ခဲ့ပြီးဖြစ်သည်။

အလားတူမကွေးတိုင်း ပခုက္ကူခရိုင် ရေစကြိုမြို့နယ် အမှတ်(၈) ရပ်ကွက် ကြက်ခြံတစ်ခြံ၌ ကြက်သေဆုံးမှုသတင်းနှင့်ပတ်သက်၍ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများ သွားရောက်စစ်ဆေးခဲ့ရာ ဥစားကြက်ကောင်ရေ ၇၀၀မွေးမြူထားရှိသည့် ကြက်ခြံတစ်ခြံ၌ ကြက် ၁၃ကောင်မှာ အပူရှပ်၊ ချွဲကြပ်သေဆုံးခြင်းဖြစ်ကြောင်းနှင့် ကျန်ကြက်များ ကျန်းမာလျက်ရှိသည်ကို စစ်ဆေးတွေ့ရှိရကြောင်းသိရှိရသည်။

ရွှေဘိုမြို့နယ်တွင် ကြက်ကောင်ရေ ၁၈၀ မွေးမြူထားသော ကြက်ခြံတစ်ခြံ၌ ကြက်နှစ်ကောင်သေဆုံးကြောင်းသတင်းပေးပို့ချက်အရ ရောဂါစစ်ဆေးမှုပြုလုပ်ခဲ့ရာ ကြက်လည်လိမ်ရောဂါကြောင့် သေဆုံးခြင်းဖြစ်ကြောင်း၊ ကျန်ရှိသည့်ကြက်များကျန်းမာလျက်ရှိကြောင်းသိရှိရသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနနှင့် ဒေသအာဏာပိုင်အဖွဲ့အစည်းတို့ ပူးပေါင်း၍ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဆက်လက်၍ အထူးကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

အသားပြုပြင်ထုတ်လုပ်မှုနည်းပညာ သင်တန်းဖွင့်

ရန်ကုန် ဧပြီ ၄

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် CFC၊ FAO၊ UNOPS တို့ ပူးပေါင်းဖွင့်လှစ်သော အသားပြုပြင်ထုတ်လုပ်မှုနည်းပညာ ဖြန့်ဖြူးရေးသင်တန်း (သင်တန်းဆရာများအတွက်) ၁/၂၀၀၆ ဖွင့်ပွဲကို ယနေ့နံနက် ၈နာရီခွဲတွင် အင်းစိန်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနဝင်းအတွင်းရှိ အသားပြုပြင်ထုတ်လုပ်မှုလုပ်ငန်း စီမံကိန်းသင်တန်းစခန်း၌ကျင်းပရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ညွှန့်က သင်တန်းဖွင့်အမှာစကားပြောကြားသည်။

ဆရာဖြစ်သင်တန်းသို့ ပြည်နယ်/တိုင်းအသီးသီးရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သင်တန်းသား၊ သင်တန်းသူ ၁၅ဦး တက်ရောက်ကြသည်။ အဆိုပါ သင်တန်းပြီးဆုံးပါက ပြည်နယ်/တိုင်းအသီးသီး၌ ဆင့်ပွားသင်တန်းများ ဆက်လက်ပို့ချသွားမည်ဖြစ်သည်။

အသားပြုပြင်ထုတ်လုပ်ရာတွင် ကြက်ငှက်တုပ်ကွေး ဗိုင်းရပ်စ်ပိုးအပါအဝင် ပိုးမွှားကင်းစင်သော ကြက်သား၊ ဝက်သား၊ အမဲသားများကို အပူပေးပြုပြင်သည့် အသားချောင်း၊ အသားလုံးများ ထုတ်လုပ်ခြင်းဖြင့် သန့်ရှင်း၍ ရောဂါပိုးကင်းစင်ပြီး ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာများ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရန်၊ အသားကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ဤသင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်သည်။

(သတင်းစဉ်)

ရေခဲထုပ်၊ ရေပူဖောင်း ဆပ်ပြာရည်ဂက်စ်ဘူးဖြင့် ကစားက

၁။ လက်ဝယ်တွေ့သူ	ထောင်(၁)နှစ်၊
၂။ ကစားသူ	ထောင်(၃)နှစ်၊
၃။ ထုတ်လုပ်ရောင်းချသူ	ထောင်(၅)နှစ်နှင့် ပစ္စည်းကိုသိမ်း

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

ကျောက်စိမ်း၊ ကျောက်မျက်နှင့်ပုလဲ အထူးရောင်းချပွဲကျင်းပမည် ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များ တက်ရောက်ဝယ်ယူနိုင်

ရန်ကုန် ဧပြီ ၄

၂၀၀၆ခုနှစ် ဇွန်၊ ဇူလိုင်လတွင် ကျင်းပမည့် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲအတွက် ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၁နာရီတွင် ကမ္ဘာ့အေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ အစည်းအဝေးသို့ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ ပြပွဲဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ ပြပွဲဗဟိုကော်မတီ အတွင်းရေးမှူး မြန်မာ့ကျောက်မျက် ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် ဗဟိုကော်မတီဝင်များ၊ ကျောက်မျက် ရတနာလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာပြပွဲဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် အုန်းမြင့်က အမှာစကား ပြောကြားပြီး မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲကို မြန်မာကွန်ဗင်းရှင်းစင်တာ၌ ဆောင်ရွက်ပြသနိုင်မှုများကို ရှင်းလင်းတင်ပြသည်။

ဆောင်ရွက်မည့်အခြေအနေ

ဆက်လက်၍ ပြပွဲဗဟိုကော်မတီ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေက ပြပွဲအတွက် ဆောင်ရွက်မည့် အခြေအနေနှင့် ယခုထက် ပိုမို၍ ရတနာကုန်သည်များ လာရောက်နိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ညှိနှိုင်းဆွေးနွေး

ထို့နောက် ဗဟိုကော်မတီဝင်များနှင့် ကျောက်မျက်ရတနာ ကုန်သည်ကြီးများက ကျောက်မျက် ရတနာပြပွဲများ ယခုထက်ပိုမိုကျယ်ပြန့်စွာ ကျင်းပနိုင်ရန်နှင့် ပြည်တွင်း ရတနာကုန်သည်များနှင့် နိုင်ငံတော်အတွက် ပိုမိုအကျိုးရှိစေရန်၊ ပြပွဲကြီးကို မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျယ်ကျယ်ပြန့်ပြန့် ကျင်းပနိုင်ရန် ညှိနှိုင်းဆွေးနွေးကြပြီး ညှိနှိုင်းအစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

ရွှေတိဂုံ စေတီတော် ၄၆၃ ကြိမ်မြောက် ရွှေပြားရွှေသင်္ကန်းနှင့် အထွေထွေ ဝေယျာဝစ္စ အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲ တွင် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ရွှေတိဂုံစေတီတော် ရွှေပြားရွှေသင်္ကန်းနှင့် အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဧပြီ ၄

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသော ၄၆၃ ကြိမ်မြောက် ရွှေပြားရွှေသင်္ကန်းနှင့် အထွေထွေ ဝေယျာဝစ္စ အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီတွင် ရွှေတိဂုံစေတီတော် ရင်ပြင်ရှိ ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ် ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။

ထို့နောက် (၄၆၃)ကြိမ်မြောက် ရွှေစင်ရွှေပြား ရွှေသင်္ကန်းနှင့် အထွေထွေ ဝေယျာဝစ္စ အလှူငွေများကို အလှူရှင်များက ပေးအပ်လှူဒါန်းကြရာ အလှည့်ကျ ဂေါပကအဖွဲ့ သဘာပတိ ဦးသန့်ဇင်နှင့် ဂေါပက အဖွဲ့ဝင်များက လက်ခံပြီး ထုတ်အနုမောဒနာ ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော် သြဝါဒါစရိယ ရွှေတိဂုံ စေတီတော် ဂေါပကအဖွဲ့ သြဝါဒါစရိယ ဗဟန်းမြို့နယ် ညောင်တုန်းကျောင်းတိုက် ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ သောဘဏထံမှ လှူဒါန်းမှု အစုစုအတွက် ရေစက်ချ အနုမောဒနာတရား နာယူကြပြီး အလှူငွေ ပေးအပ်ပွဲ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းသည်။

ယနေ့ ကျင်းပသော ၄၆၃ ကြိမ်မြောက် ရွှေပြားရွှေသင်္ကန်းနှင့် အထွေထွေ ဝေယျာဝစ္စ အတွက် အလှူရှင် ၇၁၉ဦးက လှူဒါန်းငွေ စုစုပေါင်း ငွေကျပ် ၁၀၀၇၄၉၀၄၀ ကို လှူဒါန်းကြသည်။ (သတင်းစဉ်)

မောင်တောမြို့နယ်အသင်း(ရန်ကုန်) သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ

ရန်ကုန် ဧပြီ ၄

မောင်တောမြို့နယ်အသင်း(ရန်ကုန်)၏ (၁၇)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲ ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးကို ဧပြီ ၂၃ရက် (စနေနေ့) နံနက် ၈နာရီတွင် ဗဟန်းမြို့နယ် ရေတာရှည်လမ်းဟောင်းရှိ မဏ္ဍလာကံယုံ ကျောင်း၌ ကျင်းပမည်ဖြစ်ရာ အသက်(၈၀)နှင့် အထက် အသင်းဝင် အဘိုးအဘွားများနှင့် ယခုနှစ်တက္ကသိုလ်ဝင် စာမေးပွဲကို ဂုဏ်ထူးဖြင့် အောင်မြင်ကြသော သားသမီးများစာရင်းကို ဧပြီ ၇ရက်(သောကြာနေ့) နောက်ဆုံးထား၍ ဗိုလ်မှူးကံသိန်းအောင်(ငြိမ်း) (ဥက္ကဋ္ဌ) ဖုန်း-၅၄၂၅၆၈၊ ဦးဇော်ဝင်း (ဒုဥက္ကဋ္ဌ) ဖုန်း-၂၈၁၈၀၇၊ ဒေါ်ခင်စောဝေ (ဘဏ္ဍာရေးမှူး) ဖုန်း-၀၉၅၁၆၅၅၇ တို့ထံ ဆက်သွယ်ကြရန်နှင့် ရန်ကုန်ရောက် မြို့နယ်သူ မြို့နယ်သားများ တက်ရောက်ကြရန် နှိုးဆော်ထားသည်သည်။ (၂၃)

ထားဝယ်အသင်း ဂုဏာပူဇာကျင်းပ

ရန်ကုန် ဧပြီ ၄

ထားဝယ်အသင်း၏ ဂုဏဝိသိဋ္ဌပူဇာ အခမ်းအနားကို ရန်ကုန်မြို့ အလုံလမ်း ဇမ္ဗူ့ရတနာပါဠိတက္ကသိုလ်၌ မတ် ၁၈ရက်ကကျင်းပရာ ထားဝယ်မြို့ ဃောသိတာရာမပါဠိတက္ကသိုလ် ပဓာနနာယက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဘဒ္ဒန္တအာစိဏ္ဏာဘိဝံသထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် နိုင်ငံတော်မှ ဆက်ကပ်သည့်ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးခြောက်ပါးတို့အား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြပြီး အသင်းဥက္ကဋ္ဌ ဦးခင်စိုးက သီရိသုဓမ္မမဏိဇောတဓရ ဦးအောင်ဝင်းအား ဂုဏ်ပြုဆုချီးမြှင့်သည်။

(အပေါ်ပုံ) (က-ပ)

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ဓမ္မာရုံလမ်း မြေနီကုန်း(မြောက်)နေ ဦးဇော်လွင်-ဒေါ်ခင်ခင်ဖြူ့သား သီဟဇော်လွင်၊ အောင်ဇော်လွင်၊ လင်းဇော်လွင်၊ နန္ဒဇော်လွင် မိသားစုက အလှူငွေ ကျပ်တစ်သိန်းကို ဖြဟ္မဝိဟာရပရိယတ္တိစာသင်တိုက် သုဒဿနလမ်း(၁၆/၂)ရပ်ကွက် သဃ်န်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း(ရန်ကုန်)သို့ လှူဒါန်းရာ အလုပ်အမှုဆောင် ဦးကြည်သိန်းလက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

သတိ

၁။ လေပေါင်(၁၀၀)မှ (၁၅၀)အထိ အတင်အချ ပြုလုပ်၍ရသည့် ကွန်ပရက်ဆာပန့်များဖြင့် ရေပက်ကစားခြင်းကြောင့် ရေစူးအားပြင်းလွန်း၍ ရေပက်ခံရသူတွင် အသားအရေများ ပွန်းပဲ့စုတ်ထွက်နိုင်ခြင်း၊ မျက်စိ၊ နားများအားထိုးမိပါက မျက်လုံး၊ နားကန်းနိုင်ခြင်း အန္တရာယ်ဖြစ်စေနိုင်ပါသဖြင့် ရေကစားမဏ္ဍပ်များ၊ ရေပက်ခံကားများတွင် ကွန်ပရက်ဆာပန့်များ အသုံးပြု၍ ရေပက်ခြင်းမပြုရန် တားမြစ်ပါသည်။

၂။ သင်္ကြန်ရေပက်ကစားခြင်းအား သင်္ကြန်ရက်များအတွင်း နေ့စဉ် နံနက်(၀၇၀၀)နာရီမှ (၁၈၀၀)နာရီအတွင်းသာ ရေပက်ကစားကြရန်နှင့် (၁၈၀၀)နာရီ နောက်ပိုင်း ရေပက်ကစားခြင်း မပြုရန် တားမြစ်ပါသည်။

၃။ တားမြစ်ချက်အား ဖောက်ဖျက်ပါက ထိရောက်စွာ အရေးယူခံရမည်ဖြစ်ပါသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

သတိ

အရက်/ဘီယာများအား မော်တော်ယာဉ်များဖြင့် လှည့်လည်ရောင်းချခြင်း၊ မဏ္ဍပ်များအနီးနှင့် အခြားနေရာများတွင် တရားမဝင် ရောင်းချခြင်းမပြုလုပ်ရန် တားမြစ်သည်။

မဟာသင်္ကြန်စည်းကမ်းထိန်းသိမ်းရေးကော်မတီ

သတိ

ရန်ကုန်မြို့တော်အတွင်း ဟွန်းမတီးရ။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီ



ရေကြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးငြိမ်းသတ်မှုသရုပ်ပြပွဲကို မတ် ၁၉ရက်က ပြုလုပ်ရာ မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးမြင့်ဟန်နှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးအောင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

၂၀၀၆-ခုနှစ်၊ ဧပြီလ (၇)ရက်

ကမ္ဘာ့ကျန်းမာရေးနေ့
WORLD HEALTH DAY

ကျန်းမာစွမ်းအား ဖွံ့ဖြိုးဖို့ လက်တွဲပါဝင်ဆောင်ရွက်စို့

WORKING TOGETHER FOR HEALTH

ကျန်းမာရေးဝန်ကြီးဌာန

(၆၁)နှစ်မြောက် တပ်မတော်နေ့ပြပွဲ နောက်ဆုံးနေ့အဖြစ် ဆက်လက်ပြသ

ရန်ကုန် ဧပြီ ၄

၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ပြပွဲ ပြခန်းများကို ယနေ့နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်၌ နောက်ဆုံးနေ့အဖြစ် ဆက်လက်ပြသထားရာ ရဟန်းရှင်လူပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများ လာရောက် ကြည့်ရှုလေ့လာကြသည်။

ပြပွဲတွင် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်ပြခန်း၌ လေးရပ်တာဝန် ကျေပွန်တည်ဆောက်၊ သမိုင်းကျောက်တိုင်ရာဇမဏ္ဍိုင်၊ ငါးရပ်ဖွံ့ဖြိုးကျေးလက်အကျိုး၊ နိုင်ငံအကျိုး ရှေ့ရှုကာ အမျိုးသမီးရေးရာ တို့ဝန်တာ၊ တိုင်းမှူးလှည့်လည် စစ်ဆေးဆောင်ရွက်မှုနောင်တစ်ခေတ်၏ အောင်စစ်သည်၊ နိုင်ငံတော်အကြီးအကဲများလှည့်လည် စစ်ဆေးဆောင်ရွက်မှု၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းကြီး(၅)ရပ်၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၊ ဦးတည်(၁၂)ရပ် မပြတ်ဖော်ဆောင်၊ လေးရပ်တာဝန် ကျေပွန်တည်ဆောက်၊ တပ်နှင့် ပြည်သူလက်တွဲကူ ကြိုးပမ်းရှက်မနေး လွတ်လပ်ရေး၊ မြန်မာမှုစုံ မြို့ရတနာပုံ၊ သာယာလုပပင်းယ၊ အင်းဝ၊ စည်းလုံးညီညွတ် အောင်ပန်းဆွတ်၊ အထွတ် အောင်လံ ပြည်ပုဂံ၊ ရှေးဟောင်းယဉ်ကျေးမှုအမွေ တကောင်းမြေ၊ တိုင်းသမိုင်းအကျဉ်း တို့ကို ဓာတ်ပုံ၊ ပန်းချီ၊ ရုပ်ပုံကားချပ်၊ ဇယား၊ပုံစံငယ်များဖြင့် ဝေဝေဆာဆာ ပြသထားရာ ကျောင်းသား၊ ကျောင်းသူ၊ အများပြည်သူများ စိတ်ဝင်စားစွာ လာရောက် ကြည့်ရှုလေ့လာကြသည်။

ထို့အပြင် တိုင်းကျိုး ပြည်ပြု ပြည်သူ့အကျိုးလုပ်ငန်းများ ပြခန်း၌လည်း ကွန်ပျူတာ ဉာဏ်စမ်းပြိုင်ပွဲကို နေ့စဉ်မွန်းတည့် ၁၂နာရီတွင် ကျင်းပလျက်ရှိရာ ဝင်ရောက် ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။ (သတင်းစဉ်)

ပေါ့ဆမှုကြောင့် ဒေသအချို့တွင် မီးလောင်မှုများ ဖြစ်ပွား နေအိမ်နှင့်ပစ္စည်းများဆုံးရှုံးပြီး ကလေးငယ်နှစ်ဦး သေဆုံးခဲ့

ရန်ကုန် ဧပြီ ၄

ပူပြင်းခြောက်သွေ့သော နွေရာသီသို့ရောက်ရှိနေပြီဖြစ်၍ မီးလောင်မှုကြောင့်ဆုံးရှုံးမှုများ မဖြစ်ပွားစေရေးအတွက် မီးမပေါ့ဆရေး၊ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ထားရှိရေးတို့ကို လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနနှင့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့တို့က ပညာပေးဆော်သြခြင်း၊ နှိုးဆော်ခြင်းများကို ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နေသော်လည်း လူတစ်ဦးချင်း၊ မိသားစုတစ်ခုချင်း၏ ပေါ့ဆမှုကြောင့် ဒေသအချို့တွင် မီးလောင်မှုများ ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရသည်။

ချင်းပြည်နယ် ပလက်ဝမြို့နယ် အောက်ပလိုင်းကျေးရွာရှိ အိမ်ရှင်ဦးအောင်ကျော်ဇံ၏ နေအိမ်၌ မတ် ၂၂ ရက် ညပိုင်းတွင် ဖယောင်းတိုင်မီးမှ မီးကူးစက်လောင်ကျွမ်းရာ လူနေအိမ် ၂၈လုံး မီးလောင်ကျွမ်းဆုံးရှုံးသွားပြီး မတ် ၃၀ရက် နံနက် ၄နာရီခန့်တွင် ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် တောင်ကုတ်မှ ၅မိုင်ခန့်ကွာဝေးသော သင်္ဘောဆိပ်၌ ဆိုက်ကပ်ရပ်နားထားသည့် ပြည်တွင်းရေကြောင်းပိုင် အောင်တံခွန်(၃) နှစ်ထပ်ခရီးသည်တင် ရေယာဉ်မီးလောင်မှုဖြစ်ပွားရာ သင်္ဘောနှင့်သင်္ဘောပေါ်ရှိ ကုန်ပစ္စည်းများ မီးလောင်ခံရသဖြင့် ငွေကျပ် ၅၄၆၂၀၀၀ ခန့် ဆုံးရှုံးသွားသည်။

ဖယောင်းတိုင်မီး

တနင်္သာရီတိုင်း တနင်္သာရီမြို့ ချောင်းကြီးစက်မှုဇုန်ဝင်းအတွင်းရှိ ဦးလှမိုးပိုင် ကားဝပ်ရှော့၌ မတ် ၃၁ရက် ညသန်းခေါင်အချိန် ဖယောင်းတိုင်မီးထွန်းထားရာမှ မီးလောင်မှုဖြစ်ပွားရာ ကားဝပ်ရှော့တစ်လုံးနှင့် လူနေအိမ်နှစ်လုံး မီးလောင်ဆုံးရှုံးသွားကြောင်း၊ မန္တလေးတိုင်းပြည်ကြီး တံခွန်မြို့နယ် တံခွန်တိုင်ဈေးတန်းနေ ဦးအိုက်ပု၏ လက်ဖက်ပွဲရုံ၌ မတ် ၃၁ရက် ည ၉နာရီခွဲတွင် ဝါယာရှော့ဖြစ်ရာမှ မီးလောင်မှုဖြစ်ပွားရာ အဆောက်အအုံတစ်လုံး မီးလောင်ဆုံးရှုံးသွားသည်။

ဧပြီ ၂ရက် နံနက် ၁၁နာရီ ၄၅မိနစ်ခန့်တွင် မြစ်ကြီးနားမြို့ ယုဇနရပ်ကွက် အိမ်အမှတ်(၅၁၈)နေ ဒေါ်အင်ဒေါင်ကွန့် နေအိမ်၌ ဖယောင်းတိုင်မီးဖြင့်ဆော့ကစားရာမှ ထရံသို့ကူးစက်၍ မီးလောင်မှုဖြစ်ပွားရာ နေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးပြီး မီးလောင်မှုကြောင့် မောင်မုန်းထော်လှ သေဆုံးသွားကြောင်း သိရှိရသည်။

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် နယ်မြေ(၂) မန်စိန်ရပ်ကွက် အိမ်အမှတ်(၈၀) ဒေါ်ချားမာတူး၏ နေအိမ်တွင် ဧပြီ ၃ရက် နံနက် ၃နာရီခန့်တွင် ဝက်စာအိုးကျိုရာမှ အနီးရှိ ထရံသို့ ကူးစက်မီးလောင်မှုဖြစ်ပွားရာ အိမ်တစ်လုံး မီးလောင်ခံရပြီး အသက်ငါးနှစ်ရှိ မောင်အားခီ မီးလောင်သေဆုံးသွားသည်။

အလားတူ ဧပြီ ၃ရက် နံနက် ၉နာရီမိနစ် ၄၀ခန့်တွင် ရန်ကုန်တိုင်း လှိုင်မြို့နယ် (၇)ရပ်ကွက် မြလေးရုံလမ်း အမှတ်(၄)ရှေ့တွင် ပိုင်ရှင် ဒေါ်အေးအေးမော်ပိုင် ဒေဝူးယာဉ်အမှတ် ဘ/၇၈၁၆ ကို ပန့်လဲလှယ်ရာမှ စက်နှိုးစမ်းသပ်စဉ် မီးလောင်မှုဖြစ်ပွားရာ ကားအတွင်းပိုင်း ပစ္စည်းများ မီးလောင်ခံရပြီး အလုပ်သမားကရင်လေး၏ ဘယ်ဘက်တစ်ခြမ်း မီးလောင်ခံရကြောင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၇၀)ရပ်ကွက် ဆုထူးပန် (၅)လမ်း အိမ်အမှတ်(၃၀၅)ရှိ ဦးစိုးမြင့်ပိုင် အိမ်အောက်ထပ်တွင် ဖွင့်လှစ်ထားသော ပန်းချယ်ရီလက်ဖက်ရည်ဆိုင်၌ ယနေ့နံနက်ပိုင်းတွင် မီးဖိုမီးကြွင်းမီးကျန်မှစတင်၍ မီးလောင်မှုဖြစ်ပွားရာ အိမ်သုံးလုံး မီးလောင်ဆုံးရှုံးသွားကြောင်း သိရသည်။

လူတစ်ဦးချင်း မိသားစုတစ်ဦးချင်း၏ ပေါ့ဆမှုကြောင့် မီးလောင်မှုဖြစ်ပွားရာတွင် သေကျေဆုံးရှုံးမှုများ မဖြစ်ပွားစေရေးအတွက် လူတိုင်း၊ မိသားစုတိုင်းက "ကြိုတင်ကာကွယ် တားဆီးအန္တရာယ်မီး"၊ "စုပေါင်းကာကွယ် မီးန္တရာယ်"၊ "မီးဘေးရှောင် မလောင်ခင်တား"၊ "သင့်ကြောင့်မီးမလောင်ပါစေနှင့်" ဟူသော ဆောင်ပုဒ်များနှင့်အညီ မီးပေါ့ဆမှုမရှိစေရန် အမြဲသတိပြု၍ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ကြရန် မီးသတ်ဦးစီးဌာနက နှိုးဆော်ထားသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၅-၄-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	မေးကြည့်ဖြေကြည့်ပဟေဠိ
၇း၂၀	ပြည်တွင်းသတင်းအကျဉ်း
၇း၃၀	တေးဂီတအစီအစဉ်
၇း၃၅	Myanmar Video Rhythm(25)
၈း၂၅	မိုးလေဝသ ခန့်မှန်းချက်
၈း၃၀	တေးဂီတအစီအစဉ်
၈း၃၅	ရွှေလောင်းတံတား
၈း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၈း၅၀	တေးဂီတအစီအစဉ်
၈း၅၅	စားဖွယ်အဖုံဖုံမုန့်မျိုးစုံ (သင်္ဘောအကျွတ်ယို မုန့်လုပ်နည်း)
၉း၀၅	တေးဂီတအစီအစဉ်
၉း၁၀	အဆီကျဖို့အဆီချစို့
၉း၃၀	တေးဂီတအစီအစဉ်
၉း၃၅	ပြည်တွင်းသတင်းအကျဉ်း
၉း၄၅	ရတနာမြိုင်ရဲ့ရတနာမြိုင်သကြိန်
၁၀း၃၀	ငယ်စဉ်အခါပညာရှာ
၁၀း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၅၀	အကပြိုင်ပွဲ
၁၀း၅၅	တစ်ကွင်းတစ်စပ်မြစ်ရေတင် လုပ်ငန်းများ
၁၁း၀၅	တေးဂီတအစီအစဉ်
၁၁း၁၀	ပရိဘောဂထုတ်လုပ်မှုလုပ်ငန်း
၁၁း၂၅	တေးဂီတအစီအစဉ်
၁၁း၃၀	မြန်မာ့ရေဝတီလင်းပိုင် သိကောင်းစရာများ (ရေဝတီလင်းပိုင်)
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ (၅)နာရီစာ အစီအစဉ်များကို ည (၂၃း၀၀) နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

Champion League ဘောလုံးပွဲစဉ်များ

ညပိုင်း	အစီအစဉ်	လိုင်း
၁း၀၀	Barcelona- Benfica	5-Sports (Live)
	Juventus-Arsenal	5-Cartoons (Live)

မီးဘေးကာကွယ်ရေးသရုပ်ပြပွဲ ကျင်းပ

လားရှိုး မတ် ၃၀

ပြန်ကြားရေးဝန်ကြီးဌာန မိသားစု၏ မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြပွဲကို ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက်(ဟူးမွန်)၌ မတ် ၃၀ရက် နံနက် ၉နာရီက ကျင်းပရာ ဝန်ကြီးဌာနအောက်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ်လက်ထောက်ညွှန်ကြားရေးမှူးဒေါ်ခင်စန်း၊ရုပ်မြင်သံကြားနှင့်အသံလွှင့်ဦးစီးဌာန ဇုန်စက်ရုံမှူးဦးစိန်အောင်၊ ရုပ်ရှင်လုပ်ငန်း ဦးစီးအရာရှိ ဦးမျိုးဇော်၊ ကိုယ်ပွားသတင်းစာတိုက် စာတည်း ဦးဇော်လွင်နှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာမီးသတ်ဦးစီးဌာန ပြည်နယ်ဦးစီးမှူးဦးစီးအရာရှိဦးလှမြင့်က မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရန်၊ရှောင်ရန်များကို ရှင်းလင်းပြောကြားပြီး မီးသတ်တပ်ကြပ်ကြီး ဦးဝင်းသောင်းက မီးသတ်ဘူးအမျိုးမျိုး အသုံးချပုံနှင့် စက်ရုံရှိ မီးသတ်ဗူးဖြင့် လက်တွေ့ငြိမ်းသတ်ပုံ သရုပ်ပြသည်။ **(အပေါ်ပုံ)** (ကြေးမုံ)

ပြည်ပအားကစားသတင်းများ

ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ ဘလက်ဘန်းနှင့် ဝီဂန်သရေကျ

လန်ဒန် ဧပြီ ၄

ဘလက်ဘန်းရိုဗာအသင်းသည် တနင်္လာနေ့က ၎င်း၏အိမ်ကွင်း၌ ကျင်းပသော ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲတွင် ဝီဂန်အသင်းနှင့် တစ်ဂိုးစီဖြင့် သရေကျခဲ့ရာ ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိရန် ယင်းအသင်း၏ ရည်မှန်းချက်မှာ မရေမရာ အခြေအနေနှင့် တွေ့ကြုံနေရသည်။

ပထမပိုင်းတွင် မည်သည့်အသင်းမျှ ဂိုးမရရှိဘဲ နှစ်သင်းစလုံးက ကြဲကြဲခံကစားနေခဲ့ကြသည်။ ပွဲချိန် ၅၃မိနစ်တွင် ဝီဂန်အသင်းမှ ရောဘတ်က ဘောလုံးမြေမကျမီ နောက်ခြေဖနောင့်ဖြင့် လှလှပပကန်သွင်းခဲ့ရာ ဘလက်ဘန်းဂိုးသမား ကာကွယ်နိုင်ခြင်းမရှိဘဲ ဂိုးဝင်သွားသည်။

ပွဲချိန် ၅၉မိနစ်တွင် ဒစ်ကော့ဗ်၏နေရာသို့ လူစား ဝင်ရောက်လာသူ ရှက်ကူကီက ဘလက်ဘန်းရိုဗာအသင်းအတွက် ချေပဂိုးသွင်းယူနိုင်သော်လည်း ဘလက်ဘန်းရရှိသော ဂိုးနှင့် ပတ်သက်၍ အငြင်းပွားမှုများပေါ်ပေါက်ခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

ဧပြီ ၃ရက်က အင်္ဂလန်နိုင်ငံ ဘလက်ဘန်းမြို့ရှိ ဝစ်ဝုဒ်ကွင်းတွင် ကျင်းပသော ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲတွင် ဘလက်ဘန်းအသင်းမှ **လူကပ်စ်နီးလ်** (အလယ်)**က ဂိုးသွင်းရန် ကြိုးပမ်းစဉ်။** (ဓာတ်ပုံ-အင်တာနက်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၅-၄-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။ မြဝတီအဖွင့်
၇း၀၅	၂။ အဖွင့်သီချင်း
၇း၁၀	၃။ ကျန်းမာရွှင်လန်းရောဂါအစွမ်း
၇း၁၅	၄။ မျိုးချစ်တပ်မတော်
၇း၂၀	၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၄၅	၈။ ခါသကြံန်အဆိုအကများ
၇း၅၅	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၁။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၁၅	၁၂။ အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၃။ ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။ မြဝတီအဖွင့်
၄း၀၅	၂။ အဖွင့်သီချင်း
၄း၁၀	၃။ ကျန်းမာရွှင်လန်းရောဂါအစွမ်း
၄း၁၅	၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၂၀	၅။ လက်စွမ်းပြပဟန်ဂီတသံ
၄း၃၀	၆။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၅	၇။ ခါသကြံန်အဆိုအကများ
၄း၄၀	၈။ မျိုးချစ်တပ်မတော်
၄း၅၀	၉။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၅း၀၀	၁၀။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၂၀	၁၁။ မြတ်နိုးကြစေအမျိုးသားအမွေ
၅း၃၀	၁၂။ ခါသကြံန်အဆိုအကများ
၅း၄၅	၁၃။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၅။ နိုင်ငံတကာသတင်း
၆း၂၀	၁၆။ မိုးလေဝသသတင်း
၆း၂၅	၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀	၁၈။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀	၁၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "နန်းတွင်းရတနာ" (အပိုင်း-၂၈)**
၈း၀၀	၂၀။ မြဝတီရုပ်မြင်သံကြားသတင်း
	၂၁။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၂။ ဗွီစီဒီကျော်ကြားတေးများ
	၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "တရားစီရင်ထုံး" (အပိုင်း-၂၁)**
	၂၅။ သင့်အတွက်မနက်ဖြန်
	၂၆။ အပိတ်နှုတ်ဆက်စကား
	၂၇။ ပြီးပါပြီ။

အဆင့်မြင့်တန်း ဒုတိယကွာတားဖိုင်နယ် စွမ်းအင်က စီးပွား/ကူးသန်းကို အနိုင်ရ

ရန်ကုန် ဧပြီ ၄

၂၀၀၅-၂၀၀၆ ဘောလုံးရာသီ အဆင့်မြင့်တန်း ကွင်းပိတ် ရှုံးထွက်ဘောလုံးပြိုင်ပွဲ ဒုတိယကွာတားဖိုင်နယ်အဖြစ် စီးပွား/ကူးသန်းအသင်းနှင့် စွမ်းအင်အသင်းတို့ ယနေ့ညနေ ၃နာရီ ၄၅မိနစ်က အောင်ဆန်းအားကစားပြိုင်ကွင်း၌ ယှဉ်ပြိုင်ကစားကြရာ စွမ်းအင်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

စွမ်းအင်အသင်း – တစ်ဂိုး
(မင်းမင်းထွန်း)
စီးပွား/ကူးသန်းအသင်း – ဂိုးမရှိ
ဒိုင်လူကြီး – ဦးလှသန်းမောင်

လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းကို ပထမအဆင့်မှာပင် ဖြုတ်ချနိုင်ခဲ့၍ စိတ်ဓာတ်မြင့်မားနေသော စွမ်းအင်အသင်းသည် ယနေ့ပွဲတွင်လည်း အနိုင်ရလိုစိတ် ပြင်းပြစွာကစားခဲ့သောကြောင့် စီးပွား/ကူးသန်းအသင်းရှုံးခဲ့ရပြီး စွမ်းအင်အသင်း အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားခြင်း ဖြစ်သည်။

အနိုင်ဂိုး

အမှတ်ပေးပွဲတွင် သုံးဂိုးပြတ်ဖြင့် ရှုံးထားသော ရှုံးကြွေးကို ဆပ်ရန် စွမ်းအင်အသင်းသည် ပွဲစကတည်းက စီးပွား/ကူးသန်း အသင်းဘက်သို့ ထိုးဖောက် ကစားခဲ့သည်။ စွမ်းအင်အသင်းမှာ ဘဏ္ဍာ/အခွန်ပွဲကလောက် ခြေစွမ်းမပြနိုင်သော်လည်း စီးပွား/ကူးသန်းအသင်း၏ ကစားကွက်ကို ထိန်းချုပ်ထားနိုင်ခဲ့၍ စီးပွား/ကူးသန်းအသင်းဘက်သို့ ပိုမိုထိုးထောက်နိုင်ခဲ့သည်။ စွမ်းအင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို မိနစ်၃၀တွင် ရရှိသည့်ပြစ်ဒဏ်ဘောကို မင်းမင်းထွန်း တိုက်ရိုက်ကန်သွင်းရာ ကန်ချက်ပျော့သော်လည်း စီးပွား/ကူးသန်းအသင်းနောက်ခံလူ ဇော်လင်းထွန်း စိုးရိမ်စိတ်များပြီး ဖျက်ထုတ်ရာ ဘောလုံးမှာ ထိချက်မမှန်ဘဲလည်ပြီး ဂိုးထဲဝင်သွားခြင်းဖြစ်သည်။

ဒုတိယပိုင်း

ဒုတိယပိုင်းတွင် စီးပွား/ကူးသန်းအသင်းက အရှုံးဂိုးချေပနိုင်ရန် ကြိုးစားလာသည်။ သို့သော် အချိတ်အဆက်မမိအောင် စွမ်းအင်အသင်းက တစ်ဦးချင်း ထိန်းကပ်ကစားသွား၍ စီးပွား/ကူးသန်းအသင်း မချေပနိုင်ဖြစ်ခဲ့ရသည်။

"မိမိတို့အသင်းအနေဖြင့် အသင်းကြီးနှစ်သင်းနှင့် ဆက်တိုက်တွေ့ထားပြီးဖြစ်၍ အကြိုဗိုလ်လုပွဲတွင်တွေ့မည့် ပို့ဆောင်ရေးနှင့်ပွဲမှာ ယခင်ပွဲများလောက် ခက်ခဲမည်မဟုတ်ကြောင်း" စွမ်းအင်အသင်းအုပ်ချုပ်သူ ဦးမြတ်စိုးက ကြေးမုံသို့ ပြောကြားစဉ်။
ဓာတ်ပုံ-စိုးညွှန့်(ကြေးမုံ)

၁၅မိနစ်တွင် မင်းသူ၏ အဝေးမှ ကန်သွင်းချက်၊ ၂၈မိနစ်တွင် ကျော်ဇင်ဝင်း၏ နောက်ခံလူများကို လိမ်ပြီး ကန်သွင်းချက်များကို စွမ်းအင်အသင်းဂိုးသမား ကျော်မင်းလှိုင် ကာကွယ်သွားနိုင်သည်။ စွမ်းအင်အသင်းက တစ်ဂိုး-ဂိုးမရှိအနိုင်ကို ပွဲပြီးသည်အထိ ရှေ့/လယ်/နောက် ဟန်ချက်ညီညီ ထိန်းကစားသွားခဲ့သည်။

စွမ်းအင်အသင်းသည် အကြိုဗိုလ်လုပွဲ၌ ပို့ဆောင်ရေးအသင်းနှင့် ဧပြီ ၇ရက်တွင် ကစားရမည်ဖြစ်သည်။

ကြိုးစားရမည်

အကြိုဗိုလ်လုပွဲသို့တက်ရောက်သွားသော စွမ်းအင်အသင်း အုပ်ချုပ်သူ ဦးမြတ်စိုးက "အသင်းကစားပုံကို အားရပါကြောင်း၊ ဘဏ္ဍာ/အခွန်ကို အနိုင်ရသည့်ခြေကို မမီသော်လည်း ကလေးတွေကြိုးစားလို့ အနိုင်ရရှိခြင်းဖြစ်ကြောင်း၊ စီးပွား/ကူးသန်းအသင်း ကစားကွက် ဖော်မရအောင် မိမိတို့က မျိုးမင်းထွန်း၊ ရာဇာဝင်းသိန်းနှင့် ကျော်ဇင်ဝင်းတို့ကို အသေကပ်ကစားရန် တာဝန်ပေးခဲ့ကြောင်း၊ ယနေ့ပွဲတွင် မိမိတို့က ဘောလုံးပိုင်ဆိုင်မှုအသာနှင့် ပွဲကို ဦးဆောင်နိုင်ခဲ့ကြောင်း၊ အကြိုဗိုလ်လုပွဲကို တက်ရောက်နိုင်သည့်အတွက် အသင်းကို ဆုကြေး ကျပ်သုံးသိန်း ချီးမြှင့်ခဲ့ကြောင်း၊ အကြိုဗိုလ်လုပွဲတွင်တွေ့မည့် ပို့ဆောင်ရေးကိုလည်း အနိုင်ရအောင်ကြိုးစားရမည်ဖြစ်ကြောင်း၊ မိမိတို့အသင်းအနေဖြင့် အသင်းကြီးနှစ်သင်း ဆက်တိုက်တွေ့ထားပြီးဖြစ်၍ ပို့ဆောင်ရေးနှင့်ပွဲမှာ ယင်းပွဲများလောက် ခက်ခဲမည်မဟုတ်ကြောင်း" ကြေးမုံသို့ ပြောကြားသွားသည်။

ယနေ့ပွဲ

(အောင်ဆန်းကွင်း)
တတိယကွာတားဖိုင်နယ်
မြို့တော်စည်ပင်နှင့် ကမ္ဘောဇ
(ကြေးမုံ)

စွမ်းအင်အသင်းမှ ရှေ့တန်းတိုက်စစ်မှူး နိုင်ဝင်း၏ တိုက်စစ်ကို စီးပွား/ကူးသန်း ဂိုးသမား ဇော်မိုးထက် လေထဲတွင် ကာကွယ်လိုက်စဉ်။
ဓာတ်ပုံ-စိုးညွှန့်(ကြေးမုံ)

လှိုင်မြို့နယ် စုဋ္ဌဘွဲ့နှင်းသဘင်ကျင်းပ

ရန်ကုန် ဧပြီ ၄

လှိုင်မြို့နယ် (၂၃)ကြိမ်မြောက် စုဋ္ဌဘွဲ့နှင်းသဘင် အခမ်းအနားကို ဧပြီ ၂ရက်က လှိုင်မြို့နယ် ၁၃ရပ်ကွက်ရှိ ပဏ္ဍိတာရာမကျောင်းတိုက်တွင် ကျင်းပရာ လှိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငွေစန်းက သာသနာရေးဆိုင်ရာများလျှောက်ထားပြီး ၁၃၆၆ခုနှစ် ပါဠိပထမပြန်စာမေးပွဲ စာအောင်သံဃာ ၂၀၅ပါးတို့အား အောင်လက်မှတ်နှင့် ဂုဏ်ပြုဆုများ ချီးမြှင့်သည်။
(အပေါ်ပုံ) (က-ပ)

ပထမဆု ကျပ် ၁၅သိန်း ဆွတ်ခူးရရှိသွားသော အောင်မြန်မာကဖီးအား ဆုချီးမြှင့်စဉ်။
(သတင်းစဉ်)

ကံထူးရှင်ရွေးချယ်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၄

TZK Co., Ltd. နှင့် Myanmar SEA Marketing Co., Ltd. တို့က ဖြန့်ဖြူးသော SHIPနို့ဆီ၊ Flacon နို့ဆီနှင့် My Boy နို့စိမ်းတို့ကို အစဉ်တစိုက် ဝယ်ယူအားပေးကြသူများအား ကျေးဇူးတုံ့ပြန်သည့် ကံထူးရှင် ရွေးချယ်ပွဲကို ဧပြီ ၁ရက် ညပိုင်းတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများ ဟိုတယ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ကံထူးရှင်များအား ဖိတ်ကြားထားသော ဧည့်သည်တော်များက ရွေးချယ်ပေးရာ ပထမဆု ကျပ် ၁၅သိန်းကို တောင်ဥက္ကလာပမြို့နယ် ပါရမီရပ်ကွက်မှ အောင်မြန်မာကဖီး၊ ဒုတိယဆု ကျပ် ၁၀သိန်းကို တောင်ဥက္ကလာပ ၁၀ရပ်ကွက်မှ ဝိုင်းတော်သားကဖီးနှင့် တတိယဆု ကျပ်ငါးသိန်းကို မကွေးမြို့ ဈေးရပ်မှ စည်းစိမ်ကဖီးတို့က အသီးသီး ဆွတ်ခူးရရှိသွားကြသည်။

ပထမ၊ ဒုတိယ၊ တတိယဆုတို့နှင့် အခြားဆုမဲများ ဆွတ်ခူးရရှိကြသည့် ကံထူးကြသူများအား အပတ်စဉ်ထုတ်ဂျာနယ်များတွင် ကြေညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

Foremostအမှတ်တံဆိပ်ကုန်ပစ္စည်းများနှင့် ပတ်သက်၍ TZK Co; Ltd. ဖုန်း-၆၈၁၁၅၀၊ ၆၈၁၁၈၆ နှင့် Myanmar SEA Marketing Co;Ltd. ဖုန်း-၅၃၇၇၄၅၊ ၅၃၇၄၄၁ တို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

သီတဂူ ရေအလှူတော်မင်္ဂလာသဘင်

ရန်ကုန် ဧပြီ ၄

စစ်ကိုင်းတောင်ရိုး သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၏အဓိပတိ၊ အဂ္ဂမဟာပဏ္ဍိတ သီတဂူဆရာတော် အရှင်ဉာဏိဿရ(D.Litt).(Ph.D) ဆရာတော်၏ တရားပွဲကို လှည်းကူးမြို့နယ် ကျွန်းကလေးကျေးရွာ အာဇီဝကျောင်းလမ်း ဓမ္မာမကသာသနာ့ရိပ်သာ ဓမ္မာရုံတော်ကြီးတွင် (၁၃၆၇ခုနှစ် တန်ခူးလဆန်း ၁၀ရက်)၊ ဧပြီ ၇ရက်(သောကြာနေ့)ညတွင် ကျင်းပမည်ဖြစ်ကြောင်းသိရသည်။ (က-ပ)

သာသနဟိတသိမ်တော် ရေစက်ချတရားပွဲ

ရန်ကုန် ဧပြီ ၄

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒေါပုံမြို့နယ် ဇေယျာသီရိရပ်ကွက် မြသိဒ္ဓိကျောင်းတိုက် အလှူဒါယကာဦးသိန်းမြင့်-အလှူဒါယိကာမဒေါ်တင်မြင့်မိသားစုက လှူဒါန်းအပ်သော သာသနဟိတသိမ်တော်ရေစက်ချအလှူမင်္ဂလာ တရားပွဲအဖြစ် (၁၃၆၇ခုနှစ် နှောင်းတန်းခူးလပြည့်) ဧပြီ ၁၂ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ၁နာရီတွင် ဘဒ္ဒန္တဝိလာသ ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ဇီးဖြူကုန်းကျောင်း(ဒါးပိန်)ဆရာတော်က အနုမောဒနာတရားဟောကြားမည်ဖြစ်သည်။ (ကြေးမုံ)

သမ္မတကမ်းခြေကျောင်း သင်္ကြန်တရားစခန်း

ရန်ကုန် ဧပြီ ၄

လယ်တီဆရာတော်ကြီး၏ တပည့်အနာဂါမ်ဆရာသက်ကြီး၏ သမထဝိပဿနာကျင့်စဉ်အတိုင်း သမ္မတကမ်းခြေကျောင်းတိုက် သင်္ကြန်တရားစခန်းကို ဆရာကြီးဦးသန်း(မဟာသဒ္ဓမ္မဇောတိကဓဇ)ကြီးမှူး၍ ဧပြီ ၁၂ရက်ညနေပိုင်းမှ စတင်ပြီး ဧပြီ ၂၀ရက်အထိ ကျင်းပမည်ဖြစ်ရာ တရားအားထုတ်လိုသူများ လာရောက် တရားအားထုတ်နိုင်ကြောင်းသိရသည်။ (က-ပ)

သတိပြုရန်

(က) မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလအတွင်း ယာဉ်မောင်းသူများ လိုက်နာရန်-

(၁) မူးယစ်သောက်စား ယာဉ်မမောင်းရ။
(၂) အပျော်လွန်ကျူး စည်းကမ်းမဲ့ပြိုင်မမောင်းရ၊ လုမမောင်းရ။
(၃) မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များတွင် အိတ်ဇောပိုက် ဖြုတ်မမောင်းရ။
(၄) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ။
(၅) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များ တပ်ဆင်ခြင်း လုံးဝမပြုရ။
(၆) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်း မပြုရ။
(၇) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဗီးတက်) မပါဘဲ မမောင်းရ။
(၈) ဖျက်သိမ်းထားသော ယာဉ်အို/ယာဉ်ဟောင်းများနှင့် ပြုပြင်ဆဲယာဉ်များ မမောင်းရ။
(၉) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်း မပြုရ။
(၁၀) ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း မည်သည့်မော်တော်ဆိုင်ကယ်မျှ စီးနင်းခြင်းလုံးဝမပြုရ။

(ခ) ဟွန်းသံကင်းမဲ့ဇုန်များအတွင်း ဟွန်းလုံးဝမတီးရ။
(ဂ) ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူမည်။
(ဃ) "သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကို အကျည်းတန် မညစ်နွမ်းပါစေနှင့်"

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် **မန္တလေးတိုင်း အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်း၍ နွေရာသီအခြေခံ အားကစားသင်တန်းများကို မတ် ၁၄ရက်မှ စ၍ မန္တလေးမြို့ရှိ သက်ဆိုင်ရာ အားကစားကွင်း၊ အားကစားခန်းမနှင့်ကျောင်းများတွင် လေ့ကျင့်သင်ကြားပေးလျက်ရှိသည်ကို တွေ့ရစဉ်။** (သတင်းစဉ်)

တန်ဖိုးရှိလှ လူငယ်ဘဝ
မူးယစ်ကင်းစင် ကျန်းမာမှ

ရန်ကုန်မြစ်ကြောင်းတစ်လျှောက် သောင်တူးဖော်မှု ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ လုပ်ငန်းများကြည့်ရှု ဆိပ်ကမ်းသာယာလှပရေး ဆောင်ရွက်ထားမှုများ စစ်ဆေး

ရန်ကုန် ဧပြီ ၄

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းငွေနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့မွန်းလွဲ ၁ နာရီတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် သမီးလှရေယာဉ်ဖြင့် နန်းသီတာဆိပ်ကမ်းမှ သန်လျက်စွန်း အတွင်းစည်းခုံ ရေလမ်းကြောင်း သောင်တူးဖော်မှုလုပ်ငန်းကို သွားရောက် ကြည့်ရှုစစ်ဆေးရာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းငွေနှင့် တာဝန်ရှိသူများ က ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ် စီမံကိန်း စက်သုံးဆီရရှိမှု အခြေအနေ၊ သောင်တူးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ၊ အတွင်းစည်းခုံ သောင်တူးခြင်း လုပ်ငန်း၊ အပြင်စည်းခုံ သောင်တူးခြင်းလုပ်ငန်း၊ ကျားပါးစပ် သောင်တူးလုပ်ငန်းများကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။

ဆက်လက်၍ ရန်ကုန်မြစ်ကြောင်းတစ်လျှောက် သင်္ဘောကြီးများ ကုန်တင်ကုန်ချ ပြုလုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ရတနာသိင်္ခ သောင်တူးရေယာဉ်ဖြင့် သန်လျက်စွန်း အတွင်းစည်းခုံ ရေလမ်းကြောင်း သောင်တူးဖော်နေခြင်းကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❒

ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အမှတ်(၃) ဗိုလ်အောင်ကျော် ကုန်သေတ္တာတံတားရှိ ကုန်ပစ္စည်းများ တင်/ချ ပြုလုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(ပို့ဆောင်ရေး)

ယနေ့မိုးလေဝသ

(၅-၄-၂၀၀၆)

နေပြည်တော်မြို့တော်

နေပြည်တော် မြို့တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

သမဝါယမဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ရေနံချောင်းစက်မှုဇုန်လုပ်ငန်းများ စစ်ဆေး

ရန်ကုန် ဧပြီ ၄

သမဝါယမဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် မတ်၃၁ရက် နံနက်ပိုင်းတွင် ကျောက်ပန်းတောင်းမြို့နယ် သမဝါယမဦးစီးဌာနရုံးသို့ရောက်ရှိပြီး မြို့နယ်သမဝါယမဦးစီးဌာနဝန်ထမ်းများ၊ သမဝါယမဦးစီးဌာနနှင့် UNDP ပူးပေါင်းဆောင်ရွက်လျက်ရှိသော အသေးစားချေးငွေ လုပ်ငန်း၏ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။ UNDP အသေးစား ချေးငွေလုပ်ငန်း အပူပိုင်းဇုန်တာဝန်ခံက လက်ရှိလုပ်ငန်းဆောင်ရွက်နေမှုကို လည်းကောင်း၊ မြို့နယ် သမဝါယမဦးစီးမှူးက သမဝါယမလုပ်ငန်းများ အခြေအနေနှင့် သမဝါယမကြက်ဆူပင်စိုက်ပျိုးမှုကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။ ယင်းနောက် ဝန်ကြီးက UNDP ဝန်ထမ်းများအား ချေးငွေလုပ်ငန်း စနစ်တကျရှိရေး၊ ငွေကြေးလုံခြုံရေးနှင့် ချေးငွေလုပ်ငန်းကို ကျေးရွာများသို့ ပိုမိုတိုးချဲ့ရေး ကိစ္စများကိုအသေးစိတ်မှာကြားသည်။ မြို့နယ်သမဝါယမဦးစီးဌာန ဝန်ထမ်းများကိုလည်း ဝန်ထမ်းစည်းကမ်းနှင့်အညီ နေထိုင်ရေး၊ သမဝါယမအသင်းများ တိုးတက်မှုရှိစေရန်နှင့် သမဝါယမထုတ်ကုန်များ ပိုမိုတိုးမြှင့် ထုတ်လုပ်နိုင်ရေးအတွက် ယခင်ထက် အဆများစွာ တိုးတက်ကြိုးစားရေးကိစ္စများ မှာကြားသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ➪

ခေါင်းကြီး၊ဆောင်းပါး အညွှန်း

- ***ရေကြောင်းပညာသိပ္ပံမှ ယခုကဲ့သို့ ကုန်သွယ်ရေကြောင်းဆိုင်ရာ အရာရှိနှင့် အင်ဂျင်နီယာများကို လေ့ကျင့်သင်ကြားမွေးထုတ်ပေးလိုက်ခြင်းသည် ပြည်တွင်းရှိ ရေယာဉ်များ၌ ရေကြောင်းအတတ်ပညာရှင်များလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရုံမျှမက မြန်မာနိုင်ငံ၌ မှတ်ပုံတင်ထားကြသည့် ပြည်ပ သင်္ဘောကုမ္ပဏီများအတွက် သင်္ဘောဝန်ထမ်းလိုအပ်ချက်ကိုလည်း အထောက်အကူပြုသွားနိုင်မည်ဖြစ်သည်။***

  (ခေါင်းကြီး) (စာမျက်နှာ-၂)

- ***ထိုတံတားကြီးများပြီးသွားလျှင် မန္တလေးမှ ပခုက္ကူ၊ ထိုမှ ဂန့်ဂေါ၊ ထိုမှ ကလေးမြို့အထိ တိုက်ရိုက်မီးရထားဖြင့် သွားလာနိုင်ကြတော့မည်ဖြစ်ပါ၏။ ကလေးမြို့သို့ ရောက်လျှင် အိန္ဒိယနိုင်ငံအထိ ဆက်လက်ပြီး မီးရထားလမ်း ဖောက်လုပ်ကြဦးမည်ဟု သိရသည်။ ပုံညာ ဥမင် မီးရထားလမ်းပိုင်းသည် အာဆီယံမီးရထားလမ်း စံနှုန်းအတိုင်း ပေ ၈၀ သွားပြီးတိုင်း အမြင့်တစ်ပေနှုန်း စံချိန်ကို ယူပြီး ဖောက်လုပ်ခဲ့သည်ဟုလည်းသိရသည်။***

  ဒေါက်တာသက်လွင်၏ **"မြစ်တွေ့လျှင် တံတားဆောက်၊ တောင်တွေ့လျှင် ဥမင်ဖောက်"** (ဆောင်းပါး)

  (စာမျက်နှာ-၃)

အာဆီယံဖူဆယ်ဘောလုံးပြိုင်ပွဲဝင်ရန်ပြင်ဆင် ပဏာမလက်ရွေးစင် ၂၀ရွေးချယ်လေ့ကျင့် မြန်မာ့လက်ရွေးစင်ဟောင်းများပါဝင်

သတင်း၊ ဓာတ်ပုံ - စိုးညွန့်(ကြေးမုံ)

ထိုင်းနိုင်ငံတွင် ဧပြီ ၂၉ ရက်မှ မေ ၄ရက်အထိကျင်းပမည့် အာဆီယံတံခွန်စိုက် ဖူဆယ်ဘောလုံးပြိုင်ပွဲတွင် ယှဉ်ပြိုင်ရန်အတွက် မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်းသည် ပဏာမကစားသမား ၂၀ ကို ရွေးချယ်လေ့ကျင့်ပေးလျက်ရှိသည်။

အာဆီယံတံခွန်စိုက် ဖူဆယ်ဘောလုံးပြိုင်ပွဲဝင်မည့် မြန်မာ့လက်ရွေးစင်အသင်းကို နည်းပြများအဖြစ် ဦးအေးမောင်လေး၊ ဦးဖေခင်နှင့် ဦးသန်းတိုးအောင်တို့က တာဝန်ယူလေ့ကျင့်ပေးလျက်ရှိကြောင်းနှင့် ပဏာမဖူဆယ်လက်ရွေးစင်အသင်းသည် သုဝဏ္ဏရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန မိုးလုံလေလုံအားကစားရုံတွင် နံနက်နှင့် ညနေ ပြင်းပြင်းထန်ထန် လေ့ကျင့်လျက်ရှိကြောင်း သိရှိရ၍ ကြေးမုံက သွားရောက်တွေ့ဆုံ မေးမြန်းခဲ့သည်။

ပထမဆုံးအကြိမ် ဖူဆယ်နိုင်ငံတကာပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အနေအထားနှင့်ပတ်သက်၍ နည်းပြ ဦးအေးမောင်လေးက ပြောပြရာတွင် "ဒီအသင်းကို မြို့တော်ဝန် ဖူဆယ်ပြိုင်ပွဲမှ ခြေစွမ်းရှိသူများ၊ ဖူဆယ်သရုပ်ပြပွဲမှ

စာမျက်နှာ ၉ ကော်လံ ၃ သို့ ●

အာဆီယံ တံခွန်စိုက် ဖူဆယ်ဘောလုံးပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ပဏာမလက်ရွေးစင်များဖြစ်သော မျိုးလှိုင်ဝင်းနှင့် မောင်မောင်ငွေးတို့ လေ့ကျင့်နေစဉ်။ ဓာတ်ပုံ- စိုးညွန့်(ကြေးမုံ)